# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး
# (၁၄)ရက်မြောက်နေ့မှတ်တမ်း

၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်

( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၈ ရက် )

[ဗုဒ္ဓဟူးနေ့]

**အချိန်၊ ၁၃:၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ အစီအစဉ်ကို နေ့လယ် ၁၃:၀၀ နာရီအချိန်၌ စတင်ကျင်းပ ပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၃:၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန် ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန် အစည်းအဝေးရဲ့ (၁၄)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီ ခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၃:၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၈)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၆၆)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၆.၁၅)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်။ ၁၃း၀၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန် အစည်းအဝေးရဲ့ (၁၄)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၃း၀၃။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့စာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးထွန်းလွင်၊ ကချင်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလှဆွေ၊ မကွေး(၁၂)၊ ကော်မတီ တာဝန်။ ဦးခင်မောင်လတ်၊ ရခိုင်(၆)၊ ကျန်းမာရေး။ ဦးကျော်ထွန်းအောင်၊ ရခိုင်(၅)၊ ကျန်းမာရေး။ ဦးမြအုန်း၊ ကချင်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာဌေးဝင်း၊ ဧရာဝတီ(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဌေးမောင်၊ မန္တလေး(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတင်မြ၊ စစ်ကိုင်း(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမှတ်ကြီး၊ မန္တလေး(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောသန်းထွန်း၊ ကရင်(၄)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ထွန်း၊ မကွေး(၁၁)။ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်ရီရီမြင့်၊ မွန်(၁)၊ ပူးပေါင်းကော်မတီအစည်းအဝေး။ ဦးဖိုးဇော်၊ ပဲခူး(၂)၊ ကျန်းမာရေး။ ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ်၊ ရှမ်း(၆)၊ ပူးပေါင်းကော်မတီအစည်းအဝေး။ ဦးမင်းဦး၊ ပဲခူး(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းဝင်းမောင်၊ ရှမ်း(၅)၊ ကျန်းမာရေး။ ဦးရှုမောင်၊ ရှမ်း(၈)၊ ကျန်းမာရေး။ ဦးမျိုးမြင့်၊ မန္တလေး(၆)၊ ပူးပေါင်းကော်မတီအစည်းအဝေး။ ဦးစံပြည့်၊ ကချင်(၇)၊ ကော်မတီအစည်းအဝေး တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၃း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၈)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၃၂)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၀)ဦးဖြစ်၍ အမျိုးသား လွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၅၂)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော် ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၃း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့မေးခွန်းတွေကို မေးမြန်း ခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ချင်းပြည်နယ်၊ တီးတိန်မြို့နယ် မြွေတောင်၊ ဖားတောင်ဒေသတွင် နီကယ်သတ္တုထုတ်လုပ်ရေး စီမံကိန်း ကန်ထရိုက်တာ North Mining Investment Co.Ltd (NMIC) ၏ လုပ်ငန်းဆောင်ရွက်ခဲ့မှုအပေါ် ပြန်လည်သုံးသပ်ပေးရန် နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၃း၀၆။**

**ဥက္ကဋ္ဌ။** ။ ယခု ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစတီဖင်သာဘိတ် က ချင်း ပြည်နယ်၊ တီးတိန်မြို့နယ် မြွေတောင်၊ ဖားတောင်ဒေသတွင် နီကယ်သတ္တု ထုတ်လုပ်ရေး စီမံကိန်း ကန်ထရိုက်တာ North Mining Investment Co.,Ltd.(NMIC) ၏ လုပ်ငန်းဆောင်ရွက်ခဲ့မှုအပေါ် ပြန်လည်သုံးသပ်ပေးရန်နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၀၇။**

**ဦးစတီဗင်သာဘိတ်၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၄)။** ။ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး နှင့်တကွ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ကော်မရှင်အဖွဲ့ဝင်များခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ်အမှတ်(၄)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစတီဗင်သာဘိတ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ်တီးတိန်မြို့နယ် မွေ့တောင်၊ ဖားတောင်ဒေသတွင် နီကယ်သတ္တု ထုတ်လုပ်ရေး စီမံကိန်း ကန်ထရိုက်တာ North Mining Investment Co.,Ltd.(NMIC) ရဲ့ လုပ်ငန်းဆောင်ရွက်ခဲ့မှုအပေါ် ပြန်လည်သုံးသပ်ပေးရန်ကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မေးခွန်း နည်းနည်းလေး ရှည်သွားရင် ခွင့်ပြုပေးပါရန် နဲ့ အင်္ဂလိပ်စကားလုံး အသုံးအနှုန်း ခွင့်ပြုပေးပါရန် ပန်ကြားအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မွေ့တောင်၊ ဖားတောင် ဟာ ချင်းပြည်နယ်၊ တီးတိန်မြို့နယ်အတွင်း တည်ရှိပြီးတော့ တီးတိန်မြို့မှ (၆၅) မိုင်ခန့်တွင် လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်ရဲ့ အနောက်မြောက်ဖက် (၁၅)မိုင်ခန့် အကွာတွင် လည်းကောင်း၊ google Earth မှ တိုင်းတာချက်အရ အရှည်(၈)မိုင်ခန့်၊ အကျယ် (၂.၅)မိုင်ခန့်နဲ့ အမြင့် ပင်လယ်ရေမျက်နှာပြင်အထက် (၃၂၀၀)ပေခန့်ရှိကာ တီးတိန်မြို့နယ်၊ တွန်းဇံမြို့နယ်၊ ကလေးမြို့နယ်များနှင့် ဆက်စပ်နေသော နေရာဖြစ်ပါတယ်။ တီးတိန်မြို့မှ ရွာ(၃)ရွာ၊ တွန်းဇံမြို့မှ ရွာ(၁)ရွာ၊ ကလေးမြို့နယ်မှာ ရွာ(၁၁)ရွာခန့် ဝန်းရံနေတဲ့ဒေသဖြစ်ကြောင်း တွေ့ရှိရပါတယ်။

မွေ့တောင်၊ ဖားတောင် နီကယ်သတ္တု တူးဖော်ရေးစီမံကိန်းနဲ့ ပတ်သက်၍ ပြည်ထောင်စုအစိုးရဘက်ကသော်လည်းကောင်း၊ North Mining Investment Co.,Ltd.(NMIC) ဘက်မှသော်လည်းကောင်း၊ သက်ဆိုင်ရာ ပတ်ဝန်းကျင်မှာ ရှိနေကြတဲ့ ကျေးရွာပေါင်း (၁၅)ရွာခန့်နဲ့ တွေ့ဆုံဆွေးနွေးမှုအနည်းအကျဥ်းသာ ရှိခဲ့ပြီးတော့ အကောင်အထည် ဖော်ဆောင်ရွက်ရမည့်အစီအစဥ်၊ သဘာဝပတ်ဝန်းကျင် သစ်တောပြုန်းတီးမှုအခြေအနေ၊ သောက်သုံးရေထိခိုက်နိုင်မှုအခြေအနေ၊ လယ်ယာမြေများသွယ်ဝိုက်နည်းနဲ့ Indirectly သို့မဟုတ် Directly နဲ့ ထိခိုက်နိုင်မှုအခြေအနေ၊ ကျေးရွာအချို့ရဲ့ လယ်ယာမြေများ ရေပေးဝေမှုတွင် အသုံးပြုနေသော နတ် တံခါးချောင်းရဲ့ ဖြစ်နေခြေရှိသည့် သန့်ရှင်းမှု၊ မသန့်ရှင်းမှု အခြေအနေ၊ ကျေးရွာ အချို့ ပြောင်းရွှေ့ရမယ့် အခြေအနေ၊ နေရာသစ်ပေးနိုင်မှု အခြေအနေ၊ လယ်ယာမြေများ ပျက်စီးနိုင်သည့် အခြေအနေ၊ လူမှုရေး အရှုပ်အထွေးများ ရှိခဲ့ပါက ဖြေရှင်းပေးရမယ့် နည်းလမ်းများကအစ ပတ်ဝန်းကျင် လေထုညစ်ညမ်းမှု အခြေအနေ၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်အောင် အကူအညီပေးနိုင်ရေး သက်ဆိုင်ရာ လူထုအတွက် အခွင့်အလမ်းများအဆုံး ဒေသခံကျေးရွာများနဲ့ ကျေကျေလည်လည် ဆွေးနွေးညှိနှိုင်းမှု သဘောတူညီမှု ရရှိရေး၊ စာချုပ် ချုပ်ဆိုရေးတို့ကိုပါ သက်ဆိုင်ရာ ကန်ထရိုက်တာတို့မှ ၂၀၁၂ ခုနှစ် ကုန်ဆုံးသည်အထိ ဘာမှ ဆောင်ရွက်ထားမှု မရှိကြောင်း၊ ဆောင်ရွက်ခဲ့မှု အနည်းငယ်ကိုလည်း ကျေးရွာလူထုအချို့ကိုသာ စည်းရုံးတဲ့သဘောဖြင့် အသိပေးဆောင်ရွက်ခဲ့ကြောင်း သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၃ ခုနှစ်၊ မတ်လ(၂၆)ရက်နေ့မှာ ကလေးမြို့အသင်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာကျေးရွာကိုယ်စားလှယ်များ၊ မွေ့တောင်၊ ဖားတောင်နဲ့ ကလေး-

ကဘော်လွင်ပြင် စောင့်ကြည့်ရေးအဖွဲ့မှ ကိုယ်စားလှယ်များ၊ စိတ်ပါဝင်စားသူ လူထုအချို့နဲ့ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပခဲ့ရာ သုံးသပ်ဆွေးနွေးမှုအပေါ် ဆုံးဖြတ်ချက်၊ သဘောတူညီမှုအနေနဲ့ လုံလောက်သော သဘောပေါက်နားလည်မှု၊ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်မှုကို ရှင်းရှင်းလင်းလင်းနားလည်မှု မရှိသေးဘဲ သဘောတူညီမှု ပေးလိုက်ပါက နောင်တွင် ဖြစ်လာနိုင်တဲ့ အခက်အခဲများ ရင်ဆိုင်ရသည့်အခါတွင် ဖြေရှင်းရန်မလွယ်ကူသော အဆင့်အထိ ဖြစ်လာနိုင်၍ လည်းကောင်း၊ နိုင်ငံတော်အစိုးရ အနေနဲ့ တိုင်းဒေသကြီး/ပြည်နယ်အစိုးရနဲ့ ဗဟိုအစိုးရတို့အကြား သယံဇာတစနစ်တကျ ခွဲဝေရေးသတ်မှတ်ချက် မဆောင်ရွက်နိုင်သည့် ကာလဖြစ်နေသေးသည်က တစ်ကြောင်း၊ ယခု ၎င်းကုမ္ပဏီမှ ချင်းပြည်နယ်အတွက် ခွဲဝေပေးမည်ဆိုသည့် (၂)ရာခိုင်နှုန်းခန့်သည်လည်း ပြည်သူလူထုအတွက် အကျိုးရှိမည် မဟုတ်ပါကြောင်း၊ စီမံကိန်းကို ကန့်ကွက်မှု မပြုလိုပါသော်လည်း ဆောင်ရွက်ရန် အလွန် စောနေသေးကြောင်း ဆွေးနွေးကြပါတယ်။

၂၀၁၃ ခုနှစ်၊ ဧပြီလ(၁)ရက်နေ့တွင် ပြုလုပ်သည့် တီးတိန်မြို့ လူထုတွေ့ဆုံဆွေးနွေးပွဲမှာ North Mining Investment Co.,Ltd.(NMIC) မှ လုပ်ငန်းဆောင်ရွက်မည့် အခြေအနေကို ရှင်းလင်းတင်ပြခဲ့ရာ၌ ပြည်သူလူထုတောင်းဆိုတဲ့ အတိုင်း ပွင့်လင်းမြင်သာစွာ ချပြရေးအတွက် အလုပ်ရုံဆွေးနွေးပွဲ တစ်ရပ်ပြုလုပ်ရေး အဆုံးအဖြတ်ပေးနိုင်သည့် အဖွဲ့များဖြင့် လာရောက်ရှင်းလင်းရန် ချင်းပြည်နယ်ဝန်ကြီးချုပ်မှ မှာကြားသွားခဲ့ကြောင်း သိရှိရပါတယ်။ ဆက်လက်၍ ဧပြီလ(၂)ရက်နေ့ မြွေတောင်၊ ဖားတောင် တောင်ခြေရင်းရှိဒေသ ကျေးရွာ(၂)ရွာတို့တွင် ဒေသခံလူထုနဲ့ တွေ့ဆုံခဲ့ရာ၌ ဒေသခံတို့၏ မေးမြန်းမှုကို ဒေသခံ ပြည်သူများနားလည်သဘောပေါက်နိုင်သည့် ပြန်လည်ဖြေကြားမှုများ၊ ကုမ္ပဏီ၏ မူဝါဒပိုင်းဆိုင်ရာ ဖြေကြားမှုများကို ပြည်သူလူထုများဘက်မှ နားလည်သဘောပေါက်မှုမရှိခဲ့ကြောင်း သိရှိခဲ့ပါတယ်။

၂၀၁၃ ခုနှစ်၊ ဧပြီလ(၅)ရက်နေ့တွင် ချင်းတောင်ဒေသ သဘာဝသယံဇာတ စောင့်ကြည့်ရေးအဖွဲ့နဲ့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနဲ့ ပြည်နယ်ဝန်ကြီး(၂)ဦးတို့ ပါဝင်သည့်အဖွဲ့များ တွေ့ဆုံမှုပြုလုပ်ခဲ့ရာ၌ စီမံကိန်းလုပ်ဆောင်ရာမှာ ပွင့်လင်းမြင်သာမှု မရှိသောကြောင့် လူထုဆန္ဒအတိုင်း ဆောင်ရွက်သွားရန် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှ မှာကြားသွားခဲ့ပြီး၊ ဝန်ကြီး(၂)ဦးက စီမံကိန်းဆိုင်းငံ့ထားရန် သို့မဟုတ် ရပ်တန့်ဆိုသည့် အချက်အပေါ်မှာ လက်မခံနိုင်သေးဘဲ ပြောကြားခဲ့သည့်အတွက် သဘောထားကွဲလွဲမှု ရှိနေကြောင်း တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ North Mining Investment Co.,Ltd.(NMIC) အပါအဝင် ပြည်နယ်ဝန်ကြီးချုပ်နဲ့ အရာရှိများ၊ ပြည်ထောင်စု အစိုးရအဖွဲ့ရုံးမှ အမှတ်(၁)သတ္တုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တောရေးရာဝန်ကြီးဌာနမှ ဦးဆောင်ညွှန်ကြားရေးမှူး၊ ကလေးဒေသမှ မြွေတောင်၊ ဖားတောင်နဲ့ ကဘော်လွင်ပြင် စောင့်ကြည့်ရေးအဖွဲ့၊ မြွေတောင် တောင်ခြေရင်းရွာမှ ကိုယ်စားလှယ်အင်းအား(၅၀)ဦးခန့်၊ တီးတိန်မြို့နယ်မှ ဝန်ထမ်းများ၊ ပြည်သူလူထုများ (၆၇၀)ဦးခန့် တက်ရောက်ခဲ့ကြသည့် ၂၀၁၃ ခုနှစ်၊ မေလ(၁၇)ရက်နေ့၊ တီးတိန်မြို့ ကမ်းဟောက် ခန်းမ၌ ပြုလုပ်တဲ့ အစည်းအဝေးမှာ NMIC ဘူမိဗေဒအရာရှိအချို့သည် ချင်းတောင်ဒေသ သဘာဝသယံဇာတ စောင့်ကြည့်ရေးအဖွဲ့မှ မေးမြန်းခဲ့သည့် မေးမြန်းမှုများအား ပြန်လည်ဖြေကြားရာ၌ မိမိ တို့ အသုံးပြုသည့် နည်းပညာသည်လည်း ကမ္ဘာ့အဆင့်မီ နည်းပညာဖြစ်ပါကြောင်း၊ အာမခံပါကြောင်း၊ လုပ်ငန်းနည်းပညာ

တွေ လုံးဝလုံခြုံမှုရှိပါကြောင်းကိုလည်း ရှင်းလင်းခဲ့ပြီး၊ ဒေသခံများ၏ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့ အတွက် တာဝန်ယူမှု မရှိသည့် ဖြေကြားမှုများအပေါ် ပြည်သူလူထုများမှ အားရကျေနပ် မှု မရှိခဲ့ကြောင်း သိရှိရပါတယ်။ ဆွေးနွေးခဲ့ရာ၌ လက်ရှိအခြေအနေအရ စီမံကိန်းယာယီရပ်ဆိုင်းပေးစေလိုကြောင်း ဆွေးနွေးမှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်မှ နိုင်ငံတော်စီမံကိန်းသည် ရပ်တန့်ရန် မဖြစ်နိုင်ကြောင်း၊ တီးတိန်မြို့ လူထုသည် ချင်းတိုင်းရင်းသားများအားလုံးကို ကိုယ်စားမပြုကြောင်း မိမိတို့အနေနဲ့ ပွင့်လင်းမြင်သာမှု ရှိလာစေရန် လာရောက်ခြင်းဖြစ်ကြောင်းဖြင့် ပြန်လည်ဆွေးနွေးခဲ့ပြီး အစည်းအဝေး ဆုံးဖြတ်ချက်မချ နိုင်ဘဲ အစည်းအဝေးပြီးဆုံးသွားခဲ့ကြောင်း သိရှိရပါတယ်။

မြွေတောင်ဒေသတွင် ၁၉၆၄ ခုနှစ်မှ ၁၉၆၆ ခုနှစ်အထိ ချင်းလူမျိုးဘူမိဗေဒပညာရှင်အဖွဲ့ လေ့လာတွေ့ရှိချက်အရ မြွေတောင်၌ ထွက်ရှိသည့် သတ္တုသိုက်သည် ကမ္ဘာ့အကောင်းဆုံး သတ္တုသိုက် စာရင်းဝင်ဖြစ်ပြီး၊ သတ္တုအမျိုးအစားမှာလည်း အဖိုးတန်ရှားပါးသည့် သတ္တုများဖြစ်ကြောင်းကိုလည်း မှတ်တမ်းများအရ သိရှိရပါတယ်။ နီကယ်သတ္တု (၁.၂၁)ရာခိုင်နှုန်းမှ (၁.၅)ရာခိုင်နှုန်းအပြင် သံသတ္တု (၃.၇)ရာခိုင်နှုန်း၊ ကြေးနီသတ္တု(၂၉.၉၉)ရာခိုင်နှုန်း၊ အလူမီနီယမ်သတ္တု (၀.၁၆)ရာခိုင်နှုန်း၊ မဂ္ဂနီဆီယမ် သတ္တု၊ ခရိုမိုက်သတ္တုစသည်များ ပါဝင်ကြောင်း သိရှိရပါတယ်။ North Mining Investment Co.,Ltd.(NMIC)၏ ထုတ်ပြန်ချက်တွင် သတ္တုရိုင်း(၃)ခု၊ နီကယ်သတ္တု (၁.၄)ရာခိုင်နှုန်း ပါဝင်ကြောင်း နှင့် ရောရာချက်သတ္တုများ ရာခိုင်နှုန်းမည်မျှပါဝင်သည်ကို ဖော်ပြထားခြင်း မရှိဘဲ သန့်စင်ပြီး နီကယ် သတ္တုသန့် (၁)နှစ်လျှင် (၁၆၇၈၃)တန်နဲ့ သံသတ္တုသန့် တန်ချိန် (၁၂၅၀၀၀)ရရှိမည်ဖြစ်ကြောင်းကိုသာ ဖော်ပြထားပြီး၊ သတ္တုရိုင်းထွက်ရှိမှု စာရင်းအပြည့်အစုံအား ပွင့်လင်းမြင်သာစွာ ဖော်ပြထားခြင်း မရှိတဲ့ အတွက် ယခင် ဘူမိဗေဒလေ့လာရေးအဖွဲ့၏စာရင်းနဲ့ ကွာဟနေတာကို တွေ့ရှိရပါတယ်။

NMIC ဘူမိဗေဒအရာရှိချုပ်ရဲ့ ပြောကြားမှုနဲ့ လုပ်ငန်းအဆင့် (၆)ဆင့်ရှိပြီးတော့ (၄)ဆင့် အထိ ပြီးစီးသွားပြီဖြစ်ကြောင်း၊ စီမံကိန်းကို ယာယီရပ်ဆိုင်းရန် လက်ခံနိုင်တဲ့ အခြေအနေ မရှိပါ ကြောင်း၊ နိုင်ငံရေးကို နားမလည်ပါကြောင်း၊ လုပ်ငန်းနည်းပညာသာ နားလည်ပါကြောင်း ပြောကြားခဲ့မှုများ သည်လည်း သက်ဆိုင်ရာ ပြည်သူလူထု၊ ကျေးရွာများ ကဏ္ဍများမှာ ၎င်းတို့နှင့် သက်ဆိုင်မှု မရှိသလို၊ စီမံကိန်းအား ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ဆက်လက်ဆောင်ရွက်သွားမယ် ဆိုတဲ့သဘော သက်ရောက်တာကို လူထုက ခံယူနေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူလူထုရဲ့ သဘောထားများကို သုံးသပ်ရပါလျှင် ကန်ထရိုက် ရရှိသော North Mining Investment Co.,Ltd.(NMIC)အား နှစ်သက်မှုမရှိ၊ ယုံကြည်မှုမရှိသည်ကို တွေ့ရှိရမည်ဖြစ်ပြီး၊ ဆောင်ရွက်ခဲ့မှုများ၌လည်း ပွင့်လင်းမြင်သာမှု မရှိသည်ကတစ်ကြောင်း၊ နိုင်ငံတကာ နှင့် ယှဉ်ပါက အဆင့်မမီသည်ကို တွေ့ရှိရသဖြင့် လည်းကောင်း၊ အာဆီယံ ပြည်သူ့ဖိုရမ် ဖြစ်မြောက်ရေး ကော်မတီ၊ ဒုတိယဥက္ကဋ္ဌ ဖြစ်သူ ထိုင်းနိုင်ငံမှ Mr.Poemrade Daorong ၏ ၂၀၁၄ ခုနှစ်၊ မတ်လ (၁၄)ရက်နေ့ ပြောကြားမှုမှာ တရုတ်နိုင်ငံသည် အာရှနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရာ၌ နိုင်ငံတကာစံချိန် အောက်များစွာ လျော့နည်းနေကြောင်း၊ တစ်နေရာနှင့် တစ်နေရာ မတူညီကြောင်း၊ တရုတ်နိုင်ငံနှင့် ပတ်သက်၍ ၎င်းတို့လိုက်နာစောင့်ထိန်းရမယ့် စံနှုန်းသတ်မှတ်ရာ၌ အားလုံးအတွက် သတ်မှတ်ပေးဖို့ လိုမှာဖြစ်ကြောင်း ပြောကြားသွားခဲ့ပါတယ်။

မြန်မာနိုင်ငံအနေဖြင့်လည်း EITI အတိုင်း သဘာဝအရင်းအမြစ်များ ဖော်ထုတ်ရာမှာ ကမ္ဘာ့အဆင့်မီ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်သွားရမည်ဟု ကြေညာထားပြီး ဖြစ်ပါတယ်။ စီမံကိန်းများအား အကောင်အထည်ဖော်ရာ၌ သက်ဆိုင်ရာ ကုမ္ပဏီအနေနဲ့ ပြည်သူအများသိစေရန် အသေးစိတ် အချက်အလက်များကို ထောက်ပြရန် လိုအပ်နေသေးတာကို လေ့လာတွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ ပြည်ထောင်စုအစိုးရနှင့် သက်ဆိုင်ရာကုမ္ပဏီတို့ထံ အောက်ဖော်ပြပါ မေးခွန်းများကို မေးမြန်းအပ်ပါတယ်။ (က)နိုင်ငံတော်အစိုးရ အနေနဲ့ မြွေတောင်၊ ဖားတောင်စီမံကိန်း လုပ်ငန်းအတွက် တင်ဒါစနစ်ဖြင့် နိုင်ငံတကာအဖွဲ့အစည်းများအား တင်ဒါခေါ်ယူမှု ရှိ၊ မရှိ။ (ခ) အကယ်၍ နိုင်ငံတကာနဲ့ အဖွဲ့အစည်းအား တင်ဒါခေါ်ယူခဲ့ပါက တင်ဒါတင်သွင်းခဲ့သည့် နိုင်ငံတကာကုမ္ပဏီစာရင်းနှင့် North Mining Investment Co.,Ltd.(NMIC)အား ရွေးချယ်မှု အခြေအနေ။ (ဂ) မြွေတောင်၊ ဖားတောင်၌ ထွက်ရှိတဲ့ သတ္တုများစာရင်းကို ပွင့်လင်းမြင်သာပြည့်စုံစွာ NMIC မှ ဖော်ပြခဲ့မှု မရှိခဲ့သည်ကို နိုင်ငံတော် အစိုးရအနေနဲ့ သိရှိခြင်း ရှိ၊ မရှိ။ (ဃ) မြွေတောင်၊ ဖားတောင်စီမံကိန်းနဲ့ ပတ်သက်တဲ့ ကျေးရွာ (၁၅)ရွာ ၌ ပွင့်လင်းမြင်သာမှုမရှိဘဲ စည်းရုံးရေးအသွင်ဖြင့်သာ ဆောင်ရွက်နေသည့်အတွက် စီမံကိန်းနဲ့ ပတ်သက်ပြီး နောင်တစ်ချိန်၌ ပြဿနာအခက်အခဲများ ပေါ်ပေါက်လာနိုင်ပါသောကြောင့် ကျေးရွာများ ရှိ ပြည်သူလူထုများနှင့် သဘောတူညီမှု ရရှိသည်အထိ အပြန်အလှန်ဆွေးနွေးပွဲ ပြုလုပ်ရန် အစီအစဉ် ရှိ၊မရှိ။ (င) ပြည်သူများ၏ သဘောထားများသည် စီမံကိန်း ဆန့်ကျင်နေသည် မဟုတ်ဘဲ၊ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ သဘာဝလူမှုပတ်ဝန်းကျင် ထိခိုက်မှု၊ ဒေသခံတိုင်းရင်းသားများ၏ အခွင့်အရေးများနှင့် လူထုအခြေပြု တိုက်ရိုက်အခြေပြုသည့် အကျိုးပြုသည့် စီမံကိန်းဖြစ်စေလိုခြင်းသာ ဖြစ်တဲ့အတွက် ဒေသခံများ၏ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးများနဲ့အတူ အခြားကိစ္စအဝဝအပေါ် စီမံကိန်းနဲ့ ဆက်စပ်နေမှု၊ ဆိုးကျိုးဖြစ်ပေါ်လာနိုင်သည့် အခြေအနေ၊ အာမခံပေးနိုင်မှု အခြေအနေများနဲ့ ပတ်သက်၍ နည်းလမ်းရှာဖွေဆောင်ရွက်ပေးသွားမယ့် အစီအစဉ် ရှိ၊မရှိ။ (စ) နိုင်ငံတော်အစိုးရနှင့် North Mining Investment Co.,Ltd.(NMIC)တို့ စာချုပ် ချုပ်ဆိုခဲ့မှုရှိပြီး၊ မပြီး။ (ဆ) စာချုပ် ချုပ်ဆိုထားမှု မရှိသေးပါက နိုင်ငံတကာသို့ တင်ဒါခေါ်ယူ၍ နိုင်ငံတကာအဆင့်မီ ကုမ္ပဏီများမှ ရွေးချယ် စာချုပ် ချုပ်ဆိုဆောင်ရွက်သွားရန် အစီအစဉ် ရှိ၊မရှိ။ (ဇ) သက်ဆိုင်ရာ ပြည်သူလူထု လူမှုအဖွဲ့အစည်းများ၏ တူညီသောဆန္ဒဖြစ်သည့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရနဲ့ သက်ဆိုင်ရာကုမ္ပဏီတို့အကြား အချိုးကျခွဲဝေပေးရေး ဥပဒေမရှိသေးသဖြင့်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် နိုင်ငံသားအခွင့်အရေး ကာကွယ်သည့်ဥပဒေများ သက်ဝင်မှု မရှိသေးသည်ကလည်းကောင်း၊ နိုင်ငံတော်အစိုးရနဲ့ သက်ဆိုင်ရာကုမ္ပဏီတို့ ပွင့်လင်းမြင်သာစွာ ထုတ်ပြန်ကြေညာမှု မရှိသေးသည် ဖြစ်ပါ၍ စီမံကိန်းအား စောလျှင်စွာ ဆောင်ရွက်မှု မပြုဘဲ ခေတ္တယာယီ ဆိုင်းငံ့ထားရန် အစီအစဉ် ရှိ၊မရှိ တို့ကို ဒေသခံပြည်သူလူထုများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၃း၂၀။**

**ဥက္ကဋ္ဌ။** ။မေးခွန်းနဲ့ ပတ်သက်ပြီး သတ္တုတွင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၃း၂၀။**

**ဦးသန်းထွန်းအောင် (ဒုတိယဝန်ကြီး၊ သတ္တုတွင်းဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စု ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံ ကျန်းမာ ချမ်းသာ ကြပါစေလို့ ဆုတောင်းမေတ္တာပို့သ နှုတ်ခွန်းဆက်သရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ သတ္တုတွင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင် ဖြစ်ပါတယ်။ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစတီဗင်သာဘိတ် ၏ ချင်းပြည်နယ်၊ တီးတိန်မြို့နယ် အတွင်း နီကယ်သတ္တုထွက်ရှိသောဒေသမြွေတောင်၊ ဖားတောင်တွင် ထုတ်လုပ်ရေး ကန်ထရိုက် တရုတ် ကုမ္ပဏီ North Mining Investment Co.,Ltd.(NMIC)၏ လုပ်ငန်းဆောင်ရွက်မှုအပေါ် ပြန်လည် သုံးသပ်ရန် အစီအစဉ် ရှိ၊မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို ပြည်ထောင်စုဝန်ကြီးရဲ့ကိုယ်စား ကျွန်တော် ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးစတီဗင်သာဘိတ် ရဲ့ မေးခွန်း(က)၊ (ခ)နဲ့ ပတ်သက်ပြီး မေးခွန်း(က)သည် နိုင်ငံတော်အစိုးရအနေဖြင့် မြွေတောင်၊ ဖားတောင် စီမံကိန်းလုပ်ငန်းအတွက် တင်ဒါစနစ်ဖြင့် နိုင်ငံတကာအဖွဲ့အစည်းများအား တင်ဒါခေါ်ယူခဲ့မှု ရှိ၊ မရှိ မေးခွန်းဖြစ်ပြီး၊ မေးခွန်း(ခ)သည် အကယ်၍ နိုင်ငံတကာအဖွဲ့အစည်းများအား တင်ဒါခေါ်ယူခဲ့ပါက တင်ဒါ တင်သွင်းခဲ့သည့် နိုင်ငံတကာ ကုမ္ပဏီစာရင်းနှင့် North Mining Investment Co.,Ltd (NMIC) တို့အား ရွေးချယ်ခဲ့မှုအခြေအနေ မေးခွန်းပဲ ဖြစ်ပါတယ်။ ချင်းပြည်နယ် တီးတိန်မြို့နယ် စစ်ကိုင်းတိုင်း ဒေသကြီး၊ ကလေးမြို့နယ် မြွေတောင်ဒေသရှိ မြွေတောင်စီမံကိန်းလုပ်ငန်းအတွက် တင်ဒါစနစ်ဖြင့် နိုင်ငံတကာ အဖွဲ့အစည်းများအား တင်ဒါ ခေါ်ယူခဲ့ခြင်း မရှိခဲ့ပါ။

အဆိုပါဒေသတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Kingbao Mining Co.,Ltd မှ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ၂၀၀၅ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်နေ့ ရက်စွဲပါ ခွင့်ပြုမိန့်အမှတ် ၄၀၄ /၂၀၀၅ ဖြင့် ခွင့်ပြုချက်အရ ၂၀၀၅ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်နေ့မှစပြီး ၂၀၀၈ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်နေ့ထိ နီကယ်သတ္တုစမ်းသပ်တိုင်းတာရေးနဲ့ ဖြစ်မြောက်နိုင်စွမ်း လုပ်ငန်းလေ့လာရေး လုပ်ငန်းများကို စတင် ဆောင်ရွက်ခဲ့ပြီး နည်းပညာ အားနည်းမှု ရှိသည့်အတွက်ကြောင့်မို့လို့ လုပ်ငန်း ရပ်ဆိုင်းခဲ့ပါတယ်။ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့မှာ North Mining Investment Co.,Ltd တစ်ခုတည်းမှသာ ယင်းဒေသမှာ လုပ်ငန်းဆောင်ရွက် လိုတဲ့အကြောင်း သတ္တုတွင်းဝန်ကြီး ဌာနသို့ လျှောက်ထားလာသဖြင့် မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်ပါတယ်။ လုပ်ငန်းရပ်ဆိုင်းပြီး ပြန်လည် ထွက်ခွာသွားတဲ့ Kingbao Mining Co.,Ltd နဲ့ ယခု တင်ပြတဲ့ North Mining Investment Co.,Ltd တို့သည် ကုမ္ပဏီ သီးခြားစီ ဖြစ်တဲ့အကြောင်းလည်း ဖြည့်စွက်ရှင်းလင်း ဖြေကြားအပ် ပါတယ်။

မေးခွန်း (ဂ)နဲ့ပတ်သက်ပြီးတော့ ဆက်လက်ပြီးတော့ ဖြေကြားအပ်ပါမယ်။ မြွေတောင်၊ ဖားတောင်မှာထွက်ရှိတဲ့ သတ္တုများစာရင်းကို ပွင့်လင်းမြင်သာပြည့်စုံစွာ NMIC မှ ဖော်ပြမှု မရှိခဲ့သည်ကို

နိုင်ငံတော်အစိုးရကနေဖြင့် သိရှိခြင်း ရှိ၊ မရှိ မေးခွန်း ဖြစ်ပါတယ်။ NMIC မှ သတ္တုများ စာရင်းကို စမ်းသပ်တိုင်းတာရေးနဲ့ ဖြစ်မြောက်နိုင်စွမ်းလေ့လာမှု အစီရင်ခံစာတွင် ဖော်ပြခဲ့ပြီး နိုင်ငံတော်အစိုးရ အနေဖြင့် သိရှိကြောင်း ဖြေကြားအပ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ချင်းပြည်နယ် တီးတိန်မြို့နယ် မြွေတောင်ဒေသတွင် North Mining Investment Co.,Ltd မှ တင်ပြလျှောက်ထားမှုအပေါ် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်ရဲ့ ၂၀၁၂ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့ ရက်စွဲပါ ခွင့်ပြုအမိန့်အမှတ် ၄၇၃/၂၀၁၂ ဖြင့် ၂၀၁၂ခုနှစ်၊ ဇွန်လ ၆ ရက်နေ့မှ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့အထိ မြွေတောင်ဒေသ နီကယ်သတ္တု ထုတ်လုပ်မှု ဖြစ်မြောက်နိုင်စွမ်း လေ့လာမှုကို ဆောင်ရွက်ခဲ့ပါတယ်။ North Mining Investment Co.,Ltd ရဲ့ ဖြစ်မြောက်နိုင်စွမ်းလေ့လာမှု အစီရင်ခံစာအရ ဖော်ပြပါ သတ္တုသိုက်ပမာဏ (၄၂) သန်း တန်ခန့်ရှိပြီး နီကယ် (၁.၃၇) ရာခိုင်နှုန်း၊ သံ (၁၆.၃၂) ရာခိုင်နှုန်း၊ ခရိုမီယမ် (၀.၈၈) ရာခိုင်နှုန်း၊ ကယ်လ်ဆီယမ်အောက်ဆိုဒ် (၀.၇) ရာခိုင်နှုန်း၊ မဂ္ဂနီဆီယမ်အောက်ဆိုဒ် (၂၁.၇) ရာခိုင်နှုန်း၊ အလူမီနီယမ်အောက်ဆိုဒ် (၂.၈၇) ရာခိုင်နှုန်း၊ ဆီလီကာ (၃၉.၄၆) ရာခိုင်နှုန်း၊ ကာဗွန် (၀.၅၄) ရာခိုင်နှုန်း နဲ့ ဆာလ်ဖာ (၀.၀၄၄) ရာခိုင်နှုန်း စုစုပေါင်း သတ္တုအမျိုးအစား (၉) မျိုးရဲ့ ပါဝင်မှု (၈၃.၉၂) ရာခိုင်နှုန်းဖြစ်ပြီး ရာခိုင်နှုန်း (၁၀၀) ထဲက ခြားနားရင် ကျန်တဲ့ (၁၆.၀၈) ရာခိုင်နှုန်းသည် အစိုဓာတ်နဲ့ အောက်ဆိုဒ်ဓာတ်အဖြစ် ပါဝင်တဲ့ အောက်စီဂျင်တို့ ဖြစ်တဲ့အကြောင်း သိရပါတယ်။

နီကယ်သတ္တုရိုင်းမှ နီကယ်သတ္တုသန့်စင် Concentrate နီကယ် သန့်စင်ရမယ့် နည်းစဥ် ဖြစ်ပါတယ်။ နီကယ်သတ္တုရိုင်းကို ဓာတ်လျှော့လည်ပတ်ဖို့ Reduction Rotary Kiln ကို အသုံးပြု ပြီးတော့မှ အပူချိန် (၁၁၆၀) ကနေပြီးတော့မှ (၁၂၀၀) ဒီဂရီစင်တီဂရိတ်မှာ မီးဖုတ်ပြီး နီကယ် အောက်ဆိုဒ်မှ နီကယ်သို့ ဓာတ်လျှော့ခြင်း Reduction Roasting မီးဖုတ်ပြီး သတ္တုရိုင်း Calcine များကို ဓာတ်ခွဲကြိတ်ခွဲ ဆန်ခါချပြီး သံလိုက်ပြင်းအား သန့်စင်နည်း Magnetic Separation ဖြင့် သန့်စင်ပြီး နီကယ်သတ္တုသန့်စင် Concentrate နီကယ်အား ထုတ်လုပ်ပါတယ်။ အဆိုပါ နည်းစနစ်များ အရ ထုတ်လုပ်မယ်ဆိုရင် နီကယ်သတ္တုသန့်စင်တွင် နီကယ်သတ္တုပြန်ရနှုန်း (၇၂) ရာခိုင်နှုန်းနဲ့ သံသတ္တုပြန်ရနှုန်း (၅၃) ရာနှုန်းခန့် ရရှိမှာဖြစ်ပါတယ်။ အထက်ပါ နီကယ်သတ္တုရိုင်းမှ သတ္တု သန့်စင်ထုတ်လုပ်ဆောင်ရွက်မည့် အခြေအနေများအား နည်းပညာကုမ္ပဏီအဖွဲ့ဖြင့် စိစစ်ဆောင်ရွက် နေဆဲဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

မေးခွန်း(ဃ)နဲ့ ပတ်သက်ပြီးတော့ ဆက်လက် ဖြေကြားပါမယ်။ မြွေတောင်၊ ဖားတောင် စီမံကိန်းနဲ့ ပတ်သက်နေတဲ့ ကျေးရွာ (၁၅) ရွာမှာ ပွင့်လင်းမြင်သာမှုမရှိဘဲ စည်းရုံးရေးအသွင်ဖြင့်သာ ဆောင်ရွက်နေသည့်အတွက် စီမံကိန်းနဲ့ပတ်သက်ပြီး နောင်တစ်ချိန်မှာ ပြဿနာ အခက်အခဲများ ပေါ်ပေါက်လာနိုင်ပါသဖြင့် ကျေးရွာများရှိ ပြည်သူလူထုများနှင့် သဘောတူညီမှု ရရှိသည်အထိ အပြန်အလှန် ဆွေးနွေးပွဲများ ပြုလုပ်ရန် အစီအစဥ် ရှိ၊ မရှိ မေးခွန်းပဲ ဖြစ်ပါတယ်။ North Mining Investment Co.,Ltd မှ စမ်းသပ်လေ့လာ တင်ပြခဲ့သော ဖြစ်မြောက်နိုင်စွမ်း လေ့လာမှု အစီရင်ခံစာ အား စိစစ်ဆောင်ရွက်ဆဲ အဆင့်တွင်သာ ရှိသေးပါကြောင်းနဲ့ ပညာရှင်များ၏ စိစစ်အတည်ပြုချက်များ ရရှိပါက နောင်တစ်ချိန်၌ ပြဿနာတစ်စုံတစ်ရာ မပေါ်ပေါက်စေရန် ချင်းပြည်နယ်နဲ့ စစ်ကိုင်းတိုင်း ဒေသကြီးတို့၏ အာဏာပိုင်အဖွဲ့အစည်းများ၊ ချင်းပြည်နယ်နဲ့ စစ်ကိုင်းတိုင်းဒေသကြီး အပါအဝင်

မြွေတောင်ဒေသမှာရှိသည့် ဒေသခံပြည်သူလူထုများအား ပွင့်လင်းမြင်သာစွာ ရှင်းလင်းတင်ပြပြီး သဘောထား ရယူပြီးမှသာ စာချုပ် ချုပ်ဆို၍ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ မေးခွန်း(င)နဲ့ပတ်သက်ပြီးတော့ ကျွန်တော် ဆက်လက်ပြီးတော့ ဖြေကြားပါမယ်။ ပြည်သူလူထုရဲ့ သဘောထားများသည် စီမံကိန်းကို ဆန့်ကျင်နေသည်မဟုတ်ဘဲ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ သဘာဝလူမှုပတ်ဝန်းကျင် ထိခိုက်နိုင်မှု ဒေသခံတိုင်းရင်းသားများ၏ အခွင့်အရေးများနှင့် လူထုအခြေပြု တိုက်ရိုက် အကျိုးပြုသည့် စီမံကိန်း၊ တိုက်ရိုက်အကျိုးပြုသည့်စီမံကိန်း ဖြစ်စေလိုခြင်းသာဖြစ်သဖြင့် ဒေသခံများ၏ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့်အတူ အခြားကိစ္စအဝဝအပေါ် စီမံကိန်းနှင့်ဆက်စပ်နေမှု ဆိုးကျိုးဖြစ်ပေါ်လာနိုင်သည့် အခြေအနေ၊ အာမခံပေးနိုင်မှု အခြေအနေများနှင့် ပတ်သက်၍ နည်းလမ်းရှာဖွေ ဆောင်ရွက်ပေးသွားမည့် အစီအစဉ် ရှိ၊ မရှိ မေးခွန်းပဲ ဖြစ်ပါတယ်။ မြွေတောင် နီကယ် စီမံကိန်း အကောင်အထည် ဖော်ရေးနဲ့ သဘာဝလူမှုပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးအတွက် တူးဖော်ထုတ်လုပ်မည့် နည်းစဉ်အား စိစစ်ခြင်းနှင့် ဒေသခံများ၏ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်ရရှိရေး၊ မြို့ရွာဖွံ့ဖြိုးတိုးတက်ရေးများအတွက်အာမခံပေးနိုင်မှုရှိစေရန် ပတ်ဝန်းကျင် တထိန်းသိမ်းရေး ရန်ပုံငွေ၊ လူမှုဖွံ့ဖြိုးရေးအတွက် ရန်ပုံငွေများ စနစ်တကျ ထားရှိနိုင်ရေးအတွက် North Mining Investment Co.,Ltd နဲ့ နည်းပညာကော်မတီအဖွဲ့များ ပြန်လည်စိစစ် ဆွေးနွေးမှုများ ဆောင်ရွက်နေဆဲဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

မေးခွန်း(စ)နဲ့ပတ်သက်ပြီး နိုင်ငံတော်အစိုးရနဲ့ North Mining Investment Co.,Ltd တို့ စာချုပ် ချုပ်ဆိုခဲ့မှု ရှိပြီး၊ မပြီး မေးခွန်းအပေါ် စာချုပ် ချုပ်ဆိုခြင်း မရှိသေးကြောင်း ဖြေကြားအပ်ပါတယ်။ North Mining Investment Co.,Ltd (NMIC) သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ၁၇-၃-၂၀၁၂ ရက်စွဲပါ ခွင့်ပြုမိန့်အမှတ် ၄၇၃/၂၀၁၂ ဖြင့် ၂၀၁၂ ခုနှစ်၊ ဇွန်လ ၆ ရက် ရက်နေ့ မှ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့အထိ မြွေတောင်ဒေသ နီကယ်သတ္တု ထုတ်လုပ်မှု ဖြစ်မြောက်နိုင်စွမ်း လေ့လာမှုကို ကုမ္ပဏီ၏ ကုန်ကျစရိတ်ဖြင့် ဆောင်ရွက်ခဲ့ပါတယ်။ မြန်မာ့သတ္တုတွင်း နည်းဥပဒေများ နည်းဥပဒေ ၂၅ နည်းဥပဒေခွဲ (ဃ) (၁)တွင် လျှောက်လွှာတွင် အဆိုပြုထားသော ဓာတ်သတ္တု ထုတ်လုပ်မှုလုပ်ငန်း အစီအစဉ်များ၏ ဖြစ်မြောက်နိုင်စွမ်းရှိမှုကို စိစစ်ခြင်းဟု ဖော်ပြပါရှိသည်နှင့်အညီ စိစစ် ဆောင်ရွက်လျက် ရှိပါတယ်။ စိစစ်ချက်များအား သဘောတူညီပါက နည်းဥပဒေ ၈၅ အရ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ် Production Sharing Contract သို့မဟုတ် နှစ်ဦးနှစ်ဖက် ထည့်ဝင်မှုအပေါ် အခြေခံသည့် အမြတ်ခွဲဝေမှုစနစ် သို့မဟုတ် အခြားနည်း အကျိုးအမြတ် ခွဲဝေခံစားသည့်စနစ်တို့နဲ့ ဓာတ်သတ္တု ထုတ်လုပ်ရေး လုပ်ငန်းအတွက် သဘောတူ စာချုပ် ချုပ်ဆိုရမည် ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

မေးခွန်း(ဆ)နှင့်ပတ်သက်ပြီးတော့ ဆက်လက်ပြီးတော့ ဖြေကြားပါမယ်။ စာချုပ် ချုပ်ဆိုထားမှု မရှိသေးပါက နိုင်ငံတကာသို့ တင်ဒါခေါ်ယူ၍ နိုင်ငံတကာအဆင့်မီကုမ္ပဏီများမှ ရွေးချယ် စာချုပ် ချုပ်ဆို ဆောင်ရွက်သွားရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းအပေါ် အထက်ဖော်ပြပါ သဘောတူ စာချုပ် ချုပ်ဆိုနိုင်ခြင်း မရှိပါက နည်းဥပဒေ ၈၆ အရ သဘောတူစာချုပ်များကို ယှဉ်ပြိုင်အဆိုပြုခြင်း

သို့မဟုတ် ချမှတ်ထားသော အချက်အလက်များနှင့် စည်းကမ်းများကို အခြေခံ၍ ညှိနှိုင်းခြင်းတို့ဖြင့် ဆောင်ရွက်သွားရန် စီစဉ်သွားမည် ဖြစ်ပါတယ်။ ဒီအဖြေနဲ့ပတ်သက်ပြီးတော့ အကျယ်တဝင့် ကျွန်တော် ရှင်းလင်း တင်ပြခွင့်ပြုပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ နည်းဥပဒေ ၈၆၊ နည်းဥပဒေ ၈၅ အရ ဖော်ပြထားတဲ့ စာချုပ်များကို ယှဉ်ပြိုင်အဆိုပြုခြင်း သို့မဟုတ် ချမှတ်ထားသော အချက်အလက်များနှင့်စည်းကမ်းများကို အခြေခံ၍ ညှိနှိုင်းခြင်းတို့ဖြင့် ချုပ်ဆိုဆောင်ရွက်နိုင်သည်လို့ နည်းဥပဒေက ပြဋ္ဌာန်းခဲ့ပါတယ်။ ကျွန်တော်တို့ အခု ဆောင်ရွက်နေဆဲ ဖြစ်တဲ့ NMIC အနေနဲ့ ကျွန်တော်တို့ရဲ့ ချမှတ်ထားတဲ့ နည်းဥပဒေမှာ ချမှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေ စာချုပ်စည်းမျဉ်းစည်းကမ်းတွေကို ယှဉ်ပြိုင်နိုင်တဲ့အခြေအနေ မရှိတော့ဘူး ဆိုလို့ သူတို့အနေနဲ့ ပြန်လည်ရုပ်သိမ်းသွားပြီဆိုလို့ရှိရင် ကျွန်တော်တို့ ဒီလိုမျိုး အလားတူလုပ်ငန်း ဆောင်ရွက်နိုင်မယ့် ကုမ္ပဏီများကို ကျွန်တော်တို့ စာချုပ်ယှဉ်ပြိုင်စနစ်နဲ့ တစ်နည်းအားဖြင့် တင်ဒါစနစ်နဲ့ ပြန်လည်ပြီးတော့မှခေါ်ပြီး တင်ဒါစနစ်နဲ့ ခေါ်ယူထားတဲ့ ကုမ္ပဏီများကို ယှဉ်ပြိုင် အဆိုပြုခြင်း သို့မဟုတ် ခုနဥပဒေမှာ တင်ပြထားတဲ့ အချက်အလက်များနဲ့ စည်းကမ်းများကို အခြေခံပြီးတော့မှ ညှိနှိုင်းခြင်း စသဖြင့် ကျန်တဲ့ကုမ္ပဏီများကို ပွင့်လင်းမြင်သာစွာ ကြေညာခေါ်ယူပြီးတော့မှ ဆောင်ရွက် သွားမှာ ဖြစ်တဲ့အကြောင်း အကျယ်တဝင့် ဖြေကြားအပ်ပါတယ်။

မေးခွန်း(၈)နဲ့ပတ်သက်ပြီး သက်ဆိုင်ရာပြည်သူလူထုလူမှု အဖွဲ့အစည်းများ၏ တူညီသော ဆန္ဒဖြစ်သည့် တိုင်းဒေသကြီး ပြည်နယ်အစိုးရနဲ့ သက်ဆိုင်ရာ ကုမ္ပဏီတို့အကြား အချိုးကျ ခွဲဝေပေးရေး ဥပဒေမရှိသေးသဖြင့်လည်းကောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် နိုင်ငံသား အခွင့်အရေးကာကွယ်သည့်ဥပဒေများ သက်ဝင်မှုမရှိသေး၍လည်းကောင်း နိုင်ငံတော်အစိုးရနှင့် သက်ဆိုင်ရာအကူအညီတို့၏ ပွင့်လင်းမြင်သာစွာ ထုတ်ပြန်ကြေညာမှု မရှိသေးသည်ဖြစ်ပါ၍ စီမံကိန်းအား ဆောလျင်စွာ ဆောင်ရွက်မှုမပြုဘဲ ခေတ္တယာယီဆိုင်းငံ့ထားရန် အစီအစဉ် ရှိ/မရှိ တို့ကို ဒေသခံ ပြည်သူလူထုများကိုယ်စား မေးမြန်းသည့် မေးခွန်းအပေါ် ငွေတောင် နီကယ်စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်း မရှိသေးပါကြောင်းနှင့် ဖြစ်မြောက်နိုင်စွမ်း လေ့လာမှုအပေါ် ပညာရှင်များပါသော နည်းပညာကော်မတီဖြင့် စိစစ်ဆောင်ရွက် ဆွေးနွေးနေဆဲ အခြေအနေတွင်သာ ရှိပါသေးကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်အတွင်း ဖြတ်သန်းဖောက်လုပ်ထားသည့် ခရိုင်ချင်းဆက် ကတ္တရာလမ်းပေါ်ရှိ သစ်သားတံတား(၃)စင်း ပျက်စီးယိုယွင်းနေခြင်းနှင့် ကတ္တရာလမ်းအား မုံချောင်းရေတိုက်စားမှုကြောင့် လမ်းပျက်စီးမှုဖြစ်နေသဖြင့် ပြည်သူများသွားလာမှု အဆင်ပြေစေရန်အတွက် ပြန်လည်ပြုပြင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၃း၃၂။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးခင်မောင်ဌေး က နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်အတွင်း ဖြတ်သန်းဖောက် လုပ်ထားသည့် ခရိုင်ချင်း ဆက်ကတ္တရာလမ်းပေါ်ရှိ သစ်သားတံတား(၃)စင်း ပျက်စီးယိုယွင်းနေ ခြင်းနှင့် ကတ္တရာလမ်းအား မုံချောင်းရေတိုက်စားမှုကြောင့် လမ်းပျက်စီးမှုဖြစ်နေသဖြင့် ပြည်သူများ

သွားလာမှု အဆင်ပြေစေရန် အတွက် ပြန်လည်ပြုပြင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၃၂။**

**ဦးခင်မောင်ဌေး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်နေပြည်တော်ကောင်စီဝင် လွှတ်တော်ကိုယ်စားလှယ် များအားလုံး၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀) က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ဌေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တပ်ကုန်းမြို့နယ် အတွင်း ဖြတ်သန်းဖောက်လုပ်ထားတဲ့ ခရိုင်ချင်းဆက် ကတ္တရာလမ်းပေါ်မှာရှိတဲ့ သစ်သားတံတား (၃) စင်း ပျက်စီးယိုယွင်းနေခြင်းနှင့် မုံချောင်းရေတိုက်စားမှုကြောင့် လမ်းတစ်ချို့ ပျက်စီးသွားခြင်းအား ပြည်သူများ သွားလာမှု အဆင်ပြေစေရန် ပြန်လည် ပြုပြင်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ စပ်လျဉ်းတဲ့ မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တပ်ကုန်းမြို့နယ်မှာ ရပ်ကွက်၊ ကျေးရွာ၊ အုပ်စု (၅၅) အုပ်စုရှိတဲ့အနက် ကျေးရွာအုပ်စု (၈) အုပ်စုဖြစ်တဲ့ သစ်ဆိမ့်ပင်အုပ်စု၊ အုန်းပင်အုပ်စု၊ ကျောက်စလစ်ကုန်း အုပ်စု၊ ထုံးဘိုအုပ်စု၊ အောင်မြေရိပ်သာအုပ်စု၊ ကံကြီးအုပ်စုနဲ့ ကင်းသာအုပ်စုရှိတဲ့ ကျေးရွာပေါင်း (၂၄) ရွာအနီးမှာ ခရိုင်ချင်းဆက်ကတ္တရာလမ်း ဖောက်လုပ်ပေးခဲ့တဲ့အတွက် ၎င်းကျေးရွာမှာနေထိုင်ကြတဲ့ ပြည်သူများ ခရီးသွားလာရာမှာ အဆင်ပြေလျက်ရှိပါတယ်။ ကျွန်တော်တို့ အထက်ကတင်ပြခဲ့တဲ့ ကျေးရွာများအနီး ဖြတ်သန်းဖောက်လုပ်ထားတဲ့ ခရိုင်ချင်းဆက် ကတ္တရာလမ်း ပေါ်မှာ သစ်သားတံတား (၃)စင်း တည်ဆောက်ထားရှိပြီးတော့မှ ယခုအခါမှာ တံတားများမှာ သွားလာ၍မရဘဲ ပျက်စီးနေလျက်ရှိကြောင်း တွေ့ရှိရပါတယ်။

တံတား (၃)စင်း ပျက်စီးနေမှုနဲ့ ကတ္တရာလမ်းကို မုံချောင်းရေတိုက်စားသဖြင့် ပျက်စီးလျက် ရှိနေတာကို ကျွန်တော်တို့ မှတ်တမ်းဓာတ်ပုံ Power Point နဲ့တင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တပ်ကုန်းမြို့ခရိုင်ချင်းဆက် ကတ္တရာလမ်းပေါ်မှာရှိတဲ့ တံတား (၃)စင်းအနက် ပထမတံတားတစ်စင်းကတော့ တပ်ကုန်းမြို့၊ ထုံးဘိုကျေးရွာ အရှေ့တောင်ဘက် မိုင်တိုင် အမှတ် ၁၄၀/၃ အနီးမှာရှိတဲ့ တံတားအရှည် ပေ (၃၀)၊ အကျယ် (၁၅) ပေရှိတဲ့ သစ်သား တံတားပဲ ဖြစ်ပါတယ်ခင်ဗျား။ ဒီတံတားဟာ လက်ရှိအနေအထားမှာ သွားလို့မရတာ ဖြစ်တဲ့အတွက် ဘေးကပဲ၊ ကျွန်တော်တို့ ယာခင်းထဲကပဲ ဖြတ်ပြီးသွားရတဲ့အနေအထား ဖြစ်ပါတယ်။ နောက် ဒုတိယတံတား တစ်စင်းကတော့ ဒယောက်ကူးကျေးရွာ အနောက်မြောက်ဘက် မိုင်တိုင်အမှတ် ၁၄၂/၅ အနီးမှာရှိတဲ့ တံတားပေအရှည် (၂၅) ပေ၊ အကျယ် (၁၅) ပေရှိတဲ့သစ်သားတံတား ဖြစ်ပါတယ်။ ဒီတံတားကတော့ ကျွန်တော်တို့ ပြည်သူများက ဘေးကနေကွင်းပြီးသွားလို့ မရနိုင်တဲ့ အနေအထား ဖြစ်တဲ့အတွက် ကျေးရွာအနီးမှာရှိတဲ့ ထန်းပင်များကို ခုတ်လှဲပြီးတော့မှ ထက်ခြမ်းခွဲပြီးတော့ ကျွန်တော်တို့ယာယီအခင်း ခင်းပြီးတော့ သွားလာနေတဲ့ တံတားပဲ ဖြစ်ပါတယ်။

နောက် တတိယတံတား တစ်စင်းကတော့ ဒယောက်ကူးကျေးရွာ အနောက်တောင်ဘက် မိုင်တိုင် အမှတ် ၁၄၃/၃ အနီးမှာရှိတဲ့ တံတားပေအရှည် (၂၅) ပေ၊ အကျယ် (၁၅) ပေရှိတဲ့ တံတားပဲ

ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ တပ်ကုန်းမြို့နယ်၊ လက်ပန်းပုကျေးရွာ အနောက်ဘက်မှာရှိတဲ့ တတိယတံတားပဲ ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ တပ်ကုန်းမြို့နယ်၊ လက်ပန်းပုကျေးရွာ အနောက်ဘက်မှာရှိတဲ့ မိုင်တိုင် (၁၄၅/၁၄၆) ကြားမှာ ရှိတဲ့ ခရိုင်ချင်းဆက် ကတ္တရာလမ်းကို မုံချောင်းရေတိုက်စားသွားတဲ့အတွက် လမ်းတစ်ချို့ပျက်စီးသွားတဲ့ မှတ်တမ်း ဓာတ်ပုံလည်း ရှိပါတယ်။

ကျွန်တော့်အနေနဲ့ အထက်ကတင်ပြခဲ့တဲ့ တံတား (၃) စင်းဟာ ပျက်စီးယိုယွင်းမှုများကြောင့် ကျေးရွာမှာရှိတဲ့ ပြည်သူများသွားလာရာမှာ ခက်ခဲတာဖြစ်ပေါ်လျက် ရှိနေပါတယ်။ ဒါ့အပြင် လက်ပန်းပုကျေးရွာအနောက်ဘက်မှာရှိတဲ့ ခရိုင်ချင်းဆက် ကတ္တရာလမ်း အနေအထားဟာလည်းပဲ မုံချောင်း ရေတိုက်စားမှုကြောင့် လမ်းဧရိယာအချို့လည်းပဲ ပျက်စီးမှုများ ဖြစ်ပေါ်နေတဲ့အတွက် ရေရှည်မှာ အထက်ဖော်ပြပါ ခရိုင်ချင်းဆက် ကတ္တရာလမ်းဟာ သုံး၍မရလောက်အောင် ဖြစ်သွားနိုင်တဲ့အနေအထား ဒါဖြစ်ပေါ်နေကြောင်း တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ တပ်ကုန်းမြို့နယ်အတွင်းမှာ ရှိတဲ့ ကျေးရွာအုပ်စု (၈) အုပ်စု၊ ကျေးရွာပေါင်း (၂၄) ရွာမှာရှိကြတဲ့ ပြည်သူများ သွားလာနေကြတဲ့ ခရိုင်ချင်းဆက် ကတ္တရာလမ်းပေါ်မှာတည်ဆောက်ထားတဲ့ သစ်သားတံတား (၃) စင်း ပျက်စီး ယိုယွင်းနေခြင်းနဲ့ မုံချောင်းရေတိုက်စားမှုကြောင့် လမ်းအချို့ပျက်စီးနေမှုကို ပြန်လည်ပြုပြင် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းကို မဲဆန္ဒရှင်ပြည်သူများ၏ကိုယ်စား ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၃၇။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး နေပြည်တော်ကောင်စီဝင်က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၃း၃၇။**

**ဦးကံချွန် (အဖွဲ့ဝင်၊ နေပြည်တော်ကောင်စီ)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော် များအားလုံး ကိုယ်စိတ်နှလုံး ချမ်းမြေ့ကျန်းမာပါစေကြောင်း ဦးစွာပထမ ဆုတောင်းမေတ္တာပို့သအပ် ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ နေပြည်တော်ကောင်စီဝင် ဦးကံချွန် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးခင်မောင်ဌေး မှ အခုလို ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် စိတ်ပါဝင်စားစွာဖြင့် ကျေးရွာများသို့ ကွင်းဆင်းစစ်ဆေး၍ မေးမြန်းတဲ့အတွက် အထူးပင် ကျေးဇူးတင်ရှိကြောင်း ဦးစွာတင်ပြလိုပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါလမ်းတံတားများဟာ ယခင်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်ခဲ့တဲ့လမ်းများ ဖြစ်ပါတယ်ခင်ဗျား။ ၂၀၀၆ ခုနှစ်မှာ ဦးစွာ မြေသားလမ်းအဖြစ် ဖောက်လုပ်ခဲ့ပြီး ၂၀၀၉ ခုနှစ်မှာ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဖောက်လုပ်ခဲ့ရာ ၂၀၁၀ ပြည့်နှစ်၊ နှစ်ဆန်း ပိုင်းမှာ လမ်းဖွင့်ပွဲ အခမ်းအနားပြုလုပ်ကျင်းပခဲ့ပါတယ်။ အဆိုပါအမှတ် (၂) ခရိုင်ချင်းဆက်လမ်းဟာ တပ်ကုန်းမြို့

အတွင်း (၁၇) မိုင် (၄) ဖာလုံ ရှည်လျားသည့် ကတ္တရာလမ်း ဖြစ်ပါတယ်။ စုစုပေါင်း တံတားအစင်း (၂၀) ရှိရာ ကွန်ကရစ် တံတား (၂) စင်းရှိပြီး ကျန်တံတား (၁၈) စင်းမှာ သစ်သားတံတားများ ဖြစ်ကြပါတယ်။ အဆိုပါ သစ်သားတံတား (၁၈) စင်းအနက် (၁၅) စင်းမှာ ပျက်စီးလျက်ရှိကာ တံတား (၆) စင်းအား ဒေသခံများ မှယခုနှစ်တွင် ကိုယ့်အားကိုယ်ကိုးအဖြစ် ပြန်လည်ပြုပြင်ခဲ့ပြီး ကျန်တံတား များအား ပြုပြင်ရန် ဘတ်ဂျက်ရန်ပုံငွေ ချထားပေးမှသာလျှင် ပြုပြင်နိုင်မယ့် အခြေအနေဖြစ်ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်အတွင်း ဖြတ်သန်း ဖောက်လုပ်ထားတဲ့ ခရိုင်ချင်းဆက်ကတ္တရာလမ်းပေါ်ရှိ သစ်သားတံတား (၃)စင်း ပျက်စီးယိုယွင်း နေခြင်းနှင့် လမ်းအား မုံချောင်းရေတိုက်စားဖြစ်ပေါ်နေခြင်းတို့ အားပြန်လည်ပြုပြင်တည်ဆောက် ပေးရန် မွေးမြူရေးရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှတာဝန်ယူ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ် ခင်ဗျား။ လောလောဆယ် နေပြည်တော်ကောင်စီနယ်မြေမှာ တိုင်းအဆင့်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဖွင့်လှစ်ရန် အစီအစဥ် ဆောင်ရွက်နေဆဲ ဖြစ်သဖြင့် နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဖွင့်လှစ်ပြီးလျှင် သက်ဆိုင်ရာဝန်ကြီးဌာနမှ စီမံချက်နဲ့အညီသာ ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း ပြန်လည် ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

## အမျိုးသားပညာရေးဥပဒေကြမ်းနှင့် စပ်လျဥ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၃း၃၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဥ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားပညာရေး ဥပဒေကြမ်းနှင့် စပ်လျဥ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်များ အမည် စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိမ်းဆွေ ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၃း၃၉။**

**ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိမ်းဆွေ ဖြစ်ပါတယ်။ ကျွန်တော် ဆွေးနွေးမယ့်အကြောင်းအရာနဲ့ ပတ်သက်ပြီးတော့ ပထမဆုံး အခု တော်တော် များများ ဆွေးနွေးနေကြတဲ့ အပြင်မှာလည်းဒီဟာ နဲ့ပတ်သက်ပြီးတော့ ဒီအချက်အလက်ကို တော်တော် များများ စိတ်ဝင်တစားနဲ့ ဆွေးနွေးနေကြတာနဲ့ ပတ်သက်ပြီးတော့ စာမျက်နှာ (၈) မှာတဲ့ ပုဒ်မ (ည) မှာ ကျွန်တော်တို့ ရေးထားပါတယ်။ အခမဲ့မသင်မနေရ မူလတန်းပညာရေးကို ပြည်သူ့လွှတ်တော်၏

အတည်ပြုချက်မှာ ဦးတည်အကောင်အထည်ဖော်ပြီး အဆင့်ဆင့်တိုးချဲ့ ဆောင်ရွက်ခြင်းဆိုပြီး ရေးထား ပါတယ်။

ကျွန်တော်တို့ ဒီက အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ အနေနဲ့ကတော့ ပြင်ဆင်ချက်အနေနဲ့ အခမဲ့မသင်မနေရ မူလတန်းပညာရေးကို အကောင်အထည်ဖော်ပြီး အဆင့်ဆင့် တိုးချဲ့ ဆောင်ရွက်ခြင်းဆိုပြီးတော့ ဒီလိုရေးသားထားပါတယ်။ အဲဒီနေရာမှာ ကျွန်တော့်အနေနဲ့တော့ ပြည်သူ့လွှတ်တော်က နေပြီးတော့ အတည်ပြုထားတဲ့ အခမဲ့မသင်မနေရ မူလတန်းပညာရေးကို ဦးတည် အကောင်အထည်ဖော်ပြီး အဆင့်ဆင့် တိုးချဲ့ဆောင်ရွက်ခြင်းဆိုတာကို ဆန္ဒရှိပါတယ်။ ဒီအဆင့်ဆင့်တိုးချဲ့ဆောင်ရွက်ခြင်းကို ကျွန်တော်တို့ ထည့်သွင်းစေချင်ပါတယ်။

ဘာကြောင့်လဲဆိုတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက တစ်ခါ စာမျက်နှာ (၁၁)၊ ပုဒ်မ ၁၇ မှာ ရေးထားတယ်။ အခမဲ့မသင်မနေရ မူလတန်းပညာရေးကို ဦးတည်ဖော်ဆောင်ပြီး အဆင့်ဆင့် တိုးချဲ့ ဆောင်ရွက်ရမယ်ဆိုတဲ့ ပုဒ်မ ၁၇ နဲ့ညီညွတ်စေချင်တဲ့အတွက် ဖြစ်ပါတယ်။ အဲဒီနေရာမှာ ပြည်သူ့လွှတ်တော်ကရေးတဲ့ ပုဒ်မ ၅(ည) နဲ့ နောက်တစ်ခါ ပြည်သူ့လွှတ်တော်က နေရေးထားတဲ့ ပုဒ်မ ၁၇ တွေမှာ ရေးထားတာက ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်ဟာ ပညာရေးဆိုင်ရာအခြေခံမူတွေနဲ့ အကောင်အထည် ဖော်တဲ့အပိုင်းတွေမှာ ကျွန်တော်တို့ အပြန်အလှန် ဟိုဘက်ဒီဘက်ယူပြီး ရေးထားသလိုဖြစ်နေပါတယ်။ ဒါကြောင့် အဲဒီနေရာလေးမှာ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း ပုဒ်မ ၅ (ည)ကို ပြောင်းလဲစေချင်ပါတယ်။ အတည်ပြု စေချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ ဒါနဲ့ပတ်သက်ပြီးတော့ အနည်းငယ် ရှင်းပြချင် ပါတယ်။ အနည်းငယ် ဆွေးနွေးချင်ပါတယ်။

အခမဲ့ မသင်မနေရ မူလတန်းပညာရေးဟာ ကျွန်တော်တို့ အစဥ်တစ်စိုက် ကြိုးစားအားထုတ် နေရမယ့်အနေအထား ဖြစ်ပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့အခု လက်ရှိသွားနေတဲ့ အနေအထားမှာ နောက်အစဥ်အဆက်လည်း သုံးခဲ့ကြတယ်။ ကျွန်တော်တို့စာအုပ်၊ သင်ရိုးညွှန်းတမ်း စာအုပ်ကလေးတွေ ပေးတယ်။ ငွေတစ်ထောင် ပေးတယ်။ ဒါကို အခမဲ့ပညာရေးလို့ ကျွန်တော်တို့အနေနဲ့ ပြောရုံနဲ့ မလုံလောက်ဘူးလို့ ကျွန်တော့်အနေနဲ့ သုံးသပ်မိလို့ပါ။

ဘာကြောင့်လဲဆိုတော့ အခမဲ့ ပညာသင်ကြားရေးရဲ့ နောက်ဆက် တွဲမှာ စာအုပ်စာတမ်းတွေ၊ စာရေးကိရိယာတွေ အခမဲ့ဖြစ်ဖို့လည်း လိုပါတယ်။ နောက်တစ်ခါ ကျွန်တော် တို့ ယူနီဖောင်းလေးတွေ ကျောင်းကသတ်မှတ်ရင် အဲဒီကျောင်းယူနီဖောင်းလေးတွေကလည်း တူညီ ယူနီဖောင်းလေးတွေ ဝတ်ရရင် ယူနီဖောင်းဝတ်စုံတွေလည်း ကျွန်တော်တို့ အခမဲ့ပေးဖို့ လိုအပ်ပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ ကျောင်းနဲ့ကလေးရဲ့ သွားရတဲ့နေအိမ်အကွာအဝေး၊ ကျွန်တော်တို့ ရန်ကုန်လို နေရာမျိုး၊ မြို့ကြီးလိုနေရာမျိုးမှာ (၂)မိုင်၊ (၃)မိုင်ခရီးဟာ ကားနဲ့ ကျွန်တော်တို့ ဘတ်(စ်)ကားနဲ့ သော်လည်းကောင်း၊ ကိုယ်ပိုင်ကားတွေနဲ့သော်လည်းကောင်း အချိန်မရွေး အလွယ်တကူ သွားလို့ရပါတယ်။ ဒါပေမဲ့ တကယ့်တကယ် ကျွန်တော်တို့ တောလက်ကျေးရွာတွေမှာရှိနေတဲ့ ဒီကလေးတွေရဲ့ အနေအထားကျတော့ လယ်ကွက်ထဲကနေပြီးတော့ ကျွန်တော်တို့ကျောင်းရောက်တဲ့နေရာ (၂)မိုင်ခရီး ဆိုတာက တော်တော့်ကို၊ မိုးတွင်းကာလဆိုရင် တော်တော့်ကို ခက်ခက်ခဲခဲသွားရမယ့် ပြဿနာ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့

တတောင်ဆစ်လောက်မြုပ်တဲ့ လယ်ကွင်းထဲကနေပြီးတော့ ကလေးကို နေ့စဉ်ကျောင်းကြိုပို့ပြီးတော့ သွားရမှာဖြစ်ပါတယ်။

ဒါကြောင့်မိုလို့ ဒီကလေးသွားနိုင်မယ့် နေရာအကွာအဝေးကလည်း ကျွန်တော်တို့ သင့်တော်မယ့်နေရာတွ ဖြစ်ရပါမယ်။ ဥပမာ ကျွန်တော်တို့ ကန်ပက်လက်လို နေရာမျိုး၊ ချင်းပြည်နယ်လိုနေရာမျိုး တောင်တွေ(၂)မိုင်ခရီးဆိုတာ နည်းနည်းနောနော ခရီး မဟုတ်ပါဘူး။ ဒါကို ကျွန်တော့်အနေနဲ့ ထည့်သွင်းသုံးသပ်ပေးဖို့ ပြောရခြင်း ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အခမဲ့မသင်မနေရ ပညာရေးဆိုတဲ့ဟာ ခေါင်းစဉ်လေးပဲ ကျွန်တော်တို့ ဖြစ်နေမှာကို ကျွန်တော့် အနေနဲ့ စိုးရိမ်မိတဲ့အတွက်ပါ။ နောက်တစ်ခုက အခမဲ့မသင်မနေရ ပညာရေးဆိုတဲ့ဟာကို ဒီ အမျိုးသားပညာရေး ဥပဒေမှာ ကျွန်တော်တို့ ပြဋ္ဌာန်းပြီးသွားပြီဆိုရင် ဥပဒေ၊ နည်းဥပဒေတွေအရ နောက်ဆက်တွဲ ကျွန်တော်တို့ဆက်ပြီး ဥပဒေ၊ နည်းဥပဒေတွေ ထွက်လာပြီးရင် အဲဒီနေရာမှာ ကျောင်းမထားရင် ဒီက သတ်မှတ်ထားတဲ့ဥပဒေအရ ကျွန်တော်တို့ ကျောင်းမပို့ဘူးဆိုရင် မပို့တဲ့မိဘမှာ တခြားနိုင်ငံတွေမှာ ဆိုရင်ကျွန်တော်တို့ ပြစ်ဒဏ်တွေ၊ ငွေဒဏ်တွေ၊ ထောင်ဒဏ်တွေ ပါရှိပါတယ်။ အဲဒီတော့ အဲဒီ နောက်ဆက်တွဲ ဆိုးကျိုးတွေကို ကျွန်တော်တို့အနေနဲ့ စိုးရိမ်မိတဲ့အတွက် ဒါကြောင့် ဒီနေရာမှာ ကျွန်တော်တို့က မဖြစ်မနေ ဆိုတဲ့နေရာမှာ ဦးတည်အကောင်အထည်ဖော်ဖို့ ကြိုးစားသင့်တယ်ဆိုတဲ့ ဥစ္စာလေးကို ကျွန်တော့်အနေနဲ့ ထည့်သွင်းစေချင်တာပါခင်ဗျ။

နောက်တစ်ခုကလည်း စာမျက်နှာ(၁၁) ပုဒ်မ ၁၇ မှာ ပါတဲ့အချက်မှာလည်း ဒီအတိုင်းပါပဲ။ ပြည်သူ့လွှတ်တော်က အခန်း(၅)၊ ပုဒ်မ ၁၇ မှာ ပြည်သူ့လွှတ်တော်ရဲ့ ပုဒ်မ ၅၊ အခန်း (၁၇) မှာ အခမဲ့မသင်မနေရ မူလတန်းပညာရေးကို အကောင်အထည်ဖော်ပြီးတော့ အဆင့်ဆင့် တိုးချဲ့ဆောင်ရွက် ရမည်လို့ ပါတယ်။ နောက်တစ်ခါ အမျိုးသားလွှတ်တော်ရဲ့ ဥပဒေကြမ်း ကော်မတီမှာတော့ အခန်း(၅)၊ ပုဒ်မ ၁၇ မှာ အခမဲ့မသင်မနေရ မူလတန်းပညာရေးကို ဦးတည်ဖော်ဆောင်ပြီး အဆင့်ဆင့် တိုးချဲ့ ဆောင်ရွက်ရမည်လို့ ပါပါတယ်။ ဒါကြောင့် ဒီနေရာမှာတော့ ကျွန်တော်က အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အတိုင်း အခန်း(၅)၊ ပုဒ်မ ၁၇ အတိုင်းကို ထားရှိစေချင်ပါတယ်။

ဒါကြောင့် အခမဲ့မသင်မနေရ မူလတန်းပညာရေးကို ဦးတည်ဖော်ဆောင်ပြီး အဆင့်ဆင့်တိုးချဲ့ ဆောင်ရွက်ရမည်ဆိုတဲ့ ဒီအမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို ထည့်သွင်း ရေးဆွဲပေးဖို့ ဆန္ဒပြုပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ဒီ စာမျက်နှာ(၃)၊ ပုဒ်မ ၂ (ဓ)မှာ ပါ ပါတယ်။ အဲဒီဟာကတော့ ကျွန်တော်တို့ ဒီ မူကြိုပညာရေးနဲ့ ပတ်သက်ပြီးတော့ ပြည်သူ့လွှတ်တော်က မူကြို ပညာရေးဆိုသည်မှာ အသက်(၃)နှစ်မှ (၅)နှစ်အရွယ်ကလေးများ၏ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တနှင့် စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြေခံပညာဆက်လက် သင်ယူနိုင်ရေးတို့အတွက် ပြုစုပျိုးထောင် ပေးသော ပညာရေးကိုဆိုသည်လို့ ဆိုပြီးတော့ ဒီလိုသတ်မှတ်ထားပါတယ်။ နောက်တစ်ခါ အမျိုးသား လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်မှာတော့ ကျွန်တော်တို့ ဒီမူကြို ပညာရေးဆိုသည်မှာ အသက်(၃)နှစ်မှ (၅)နှစ်အရွယ် ကလေးများ၏ ကာယ၊ ဉာဏ၊ စာရိတ္တ၊ ရသ၊ မိတ္တနှင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြေခံပညာဆက်လက် သင်ယူနိုင်ရေးတို့အတွက် ပြုစုပျိုးထောင်ပေးသော ပညာရေးကိုဆိုသည် ဆိုပြီးတော့ ထည့်ထားပါတယ်။ အဲဒီနေရာမှာ ရသဆိုတဲ့ စကားလုံးလေးတစ်လုံး

ပိုလာပါတယ်။ ဒါကြောင့် ဒီနေရာမှာ ရသဆိုတဲ့ဥစ္စာက ကျွန်တော်တို့ အခြေခံပညာမှာ ကျွန်တော်တို့ သင်ခဲ့တုန်းက (၉)တန်း အရွယ်လောက်မှာ သင်ရပါတယ်။

လေးစားအပ်ပါတဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ရသ(၉)ပါးဟာ ချစ်၊ရွှင်၊ သနား၊ တည်ကြား၊ ကြမ်းကြုတ်၊ စက်ဆုတ်၊ ကြောက်ရွံ့၊ ရဲဝံ့၊ အံ့သြ ဒီရသ(၉)ပါးကို ကျွန်တော်တို့သင်ခဲ့ရတာကတော့ အဲဒီအချိန်က ရသ(၉)ပါးသိအောင် မနည်းကျွန်တော်တို့အနေနဲ့ ကြိုးစားအားထုတ်ခဲ့ရပါတယ်။ ဒီရသတွေရဲ့ အနက် အဓိပ္ပာယ်တွေ၊ ဒီဆိုလိုချက်တွေ သိရှိရအောင်လို့ အဓိပ္ပာယ်ဖွင့်ဆိုချက်တွေကို အဲဒီဟာက ဒီရဲ့ ရသပိုင်းကို မူကြိုအရွယ်ကလေးလေးက ခံစားတတ်ဖို့ဟာ အဆင့်မြင့်မားနေဦးမယ်လို့ ကျွန်တော့်အနေနဲ့ ထင်မြင်ယူဆမိပါတယ်။ အဲဒီအတွက် ဒီနေရာမှာ နောက်တစ်ခုကလည်း ကျွန်တော်တို့ နိုင်ငံတကာရဲ့အနက်ဖွင့်ဆိုချက်မှာလည်း မူကြိုပညာရေးကို ဒီပြည်သူ့လွှတ်တော်ကနေပြီး အတည်ပြုထားတဲ့ အနက်အဓိပ္ပာယ်အတိုင်းပဲ ဖွင့်ဆိုထားတာကို လေ့လာသိရှိရပါတယ်။ ဒါကြောင့်မိုလို့ နောက်တစ်ခုက ဖွံ့ဖြိုးမှုကလည်း ကျွန်တော်တို့ (၅)ရပ်ပဲရှိပါတယ်။ အဲဒီနေရာမှာ ဒီနိုင်ငံတကာရဲ့ အနက်ဖွင့်ဆိုထားမှုအနေအထားမှာ။ ဒါကြောင့်မိုလို့ ဒီဟာကို ကျွန်တော့်အနေနဲ့တော့ ဒီရသဆိုတဲ့အချက်ကလေးကို ပြန်ပြီးတော့ ဖြုတ်စေချင်ပါတယ်။ ရသဆိုတဲ့ စကားလုံးထည့်သွင်းထားတာကို ကလေးတွေအနေနဲ့ ဒီအဆင့်မြင့်မား မယ်လို့ထင်ပါတယ်။ ဒါကြောင့် ဒီနေရာလေးကို ရသဆိုတဲ့အပိုင်းလေးကို ဖြုတ်စေချင်ပါတယ်။

နောက်တစ်ခုက ကျွန်တော်တို့ ဒီစာမျက်နှာ(၁၀)မှာပါတဲ့ ပုဒ်မ ၇ မှာ၊ စာမျက်နှာ(၁၀)၊ အခန်း(၄)ရဲ့ ပုဒ်မ ၇ မှာ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ရေးထားတဲ့အချက်ပါ။ အသစ်ဖြည့်စွက်ချက်ပါခင်ဗျ။ ကော်မရှင်သည် ယင်း၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် ကျောင်းများ၏ စီမံခန့်ခွဲမှုများကို အသေးစိတ်ဝင်ရောက် လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းများမပြုဘဲ မူဝါဒပိုင်းဆိုင်ရာ ကိစ္စရပ်များတွင်သာ ပေါင်းစပ်ဖြည့်ဆည်းညှိနှိုင်း ဆောင်ရွက်ပေးခြင်းဖြင့် ကျောင်းများ၏ တိုးတက်ဖွံ့ဖြိုးမှုကို အထောက်အကူပြုရမည် ဆိုတဲ့နေရာမှာ ကျောင်းများ၏ဆိုတဲ့ စကားရပ်အရှေ့မှာ အဆင့်မြင့်ပညာကို ထည့်သွင်းပေးဖို့ ဆန္ဒပြုပါတယ်။ ဘာကြောင့်လည်းဆိုတော့ ဒီအဆင့်မြင့်ပညာကျောင်းတွေနဲ့ အခြေခံပညာကျောင်းတွေရဲ့ သဘောသဘာဝဟာ မတူညီတဲ့အတွက် ဖြစ်ပါတယ်။ ဒါကြောင့်မိုလို့ ဒီကျောင်းများ၏ဆိုတဲ့ အရှေ့နေရာလေးမှာ၊ စကားရပ်အရှေ့လေးမှာ အဆင့်မြင့်ပညာရေးကို ထည့်သွင်းပေးဖို့အတွက် ဆန္ဒပြုပါတယ်။

နောက်တစ်ခုက ကျွန်တော်တို့ စာမျက်နှာ(၉)၊ ပုဒ်မ ၆(ခ)မှာ ကျွန်တော်တို့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ရေးထားတာမှာ အမျိုးသားပညာရေး ရည်မှန်းချက်များကို အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရန် လိုအပ်သောကော်မတီ သို့မဟုတ် အဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းဆိုပြီး ရေးသားထားပါတယ်။ အဲဒီနေရာမှာ ကျွန်တော်က ဒီပုဒ်မ ၆ ရဲ့ (ခ)မှာ အမျိုးသားပညာရေး ရည်မှန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လိုအပ်သောကော်မတီ သို့မဟုတ် အဖွဲ့များကို သက်ဆိုင်ရာပညာရေး ဥပဒေများနှင့်အညီဆိုတာလေး ထည့်ချင်ပါတယ်။ သက်ဆိုင်ရာပညာရေး ဥပဒေများနှင့်အညီ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းဆိုပြီးတော့ ဖြည့်စွက်ချင်ပါတယ်။ ဘာကြောင့်လည်း ဆိုတော့ ကျွန်တော်တို့အခု ဒီအမျိုးသားပညာရေးဥပဒေဟာ Mother Law ပါ။ ဒီ မိခင်ဥပဒေဖြစ်တဲ့အတွက် သီးခြားထပ်မံရေးဆွဲမယ့် သက်ဆိုင်ရာ ပညာရေး

ဥပဒေတွေမှာ ဥပဒေတွေနဲ့အညီ ဆောင်ရွက်နိုင်ဖို့အတွက် ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီနေရာလေးမှာ သက်ဆိုင်ရာပညာရေးဥပဒေများနှင့်အညီ ဆိုတာလေးကို ဖြည့်စွက်ချင်ပါတယ်။

နောက်တစ်ခုက ကျွန်တော်တို့ ဒီစာမျက်နှာ(၂)၊ ပုဒ်မ ၂ (၃)မှာပါ။ (၃)မှာ ရပ်ရွာပညာပဒေသာဌာနဆိုတဲ့ အပိုဒ်နဲ့ပတ်သက်ပြီးတော့ ရပ်ရွာပညာပဒေသာဌာနဆိုသည်မှာ ကျောင်းသင်ရိုးသင်ပညာရေးဖြင့်ဖြစ်စေ၊ ကျောင်းပြင်ပပညာရေးဖြင့်ဖြစ်စေ ဒေသခံပြည်သူများကိုယ်တိုင် စီမံအုပ်ချုပ်ဆောင်ရွက်သည့် ပညာသင်ဌာနဖြစ်ပြီး ဒေသဖွံ့ဖြိုးရေးနှင့် အိမ်ထောင်စုအခြေပြုသင်ယူခြင်းအတွက် ရင်းမြစ်ဌာန အဖြစ်လည်းကောင်း၊ ဒေသအလိုက် အစဉ်သင်ယူနေသည့် လူ့အဖွဲ့အစည်းငယ်များ ဖြစ်ထွန်းလာစေရေးနှင့် သတင်းအချက်အလက်များ ဖြန့်ဖြူးရန်ဌာနအဖြစ်လည်းကောင်း တာဝန်ယူအကောင်အထည် ဖော်ရသည့် ရပ်ကွက် သို့မဟုတ် ကျေးရွာဌာနတစ်ခုကိုဆိုသည် ဆိုပြီးတော့ အသစ်ဖြည့်စွက်ချက်ကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက နေပြီးတော့ ဖြည့်စွက်ထားပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ပယ်ဖျက်သင့်တယ်ဆိုတဲ့နေရာကနေပြီး ဆွေးနွေးချင်ပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ပြည်သူ့လွှတ်တော်မှာလည်း ဒီအချက်ကို ဆွေးနွေးပြီးပြီဆိုတာကို ကြားသိရပါတယ်။ ဘာဖြစ်လို့လဲဆို ဒီနေရာမှာ ကျွန်တော်တို့က အပေါ်ကနေပြီးတော့ ချမှတ်ပြီး ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တွေ မဟုတ်ပါဘူး။ ဒီရဲ့စကားရပ် အဓိပ္ပာယ်က တကယ်တမ်းမှာ ရပ်ကွက်၊ ကျေးရွာတွေကနေပြီးတော့ပဲ ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တွေဖြစ်ပါတယ်။

အဲဒါကြောင့် ဒီသီးခြားဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တွေ ကို ဒီသက်ဆိုင်ရာ ကျေးရွာ၊ ရပ်ကွက်တွေကနေပြီးတော့မှ ဥပမာ ဆရာရှာတာပဲဖြစ်ဖြစ်၊ ကိုယ်တိုင်ဆရာ ရှာမယ်။ ရှာပြီးတော့ မိမိကိုယ်တိုင် ကျေးရွာတွေကနေပြီးတော့ အားစိုက်ရမယ်။ အဲဒီအားစိုက်တာကို သက်ဆိုင်ရာပုဂ္ဂိုလ်တွေကနေပြီးတော့ ပံ့ပိုးဆောင်ရွက်ပေးဖို့ပဲဖြစ်ပါတယ်။ ကိုယ်တိုင် Drive လုပ်ဖို့၊ ကိုယ်တိုင်အပေါ်က နေပြီးတော့ ချမှတ်ပြီးတော့ ဆောင်ရွက်ပေးရတဲ့ လုပ်ငန်းစဉ်တွေမဟုတ်ပါဘူး။ ဒါကြောင့် ဒီနေရာမှာ ဒီအချက်ကို ပယ်ဖျက်ပေးဖို့အတွက် ဆန္ဒပြုပါတယ်။

နောက်တစ်ခုကတော့ စာမျက်နှာ(၆)၊ ပုဒ်မ၂ (ဂဂ)မှာ ပါပါတယ်။ ပုဒ်မ ၂ (ဂဂ)မှာ ဒီကျောင်းအုပ်ချုပ်ရေးကော်မတီဆိုသည်မှာ ကျောင်းအသီးသီးတွင် မိမိတို့၏ သင်ကြားရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်များ၊ ပညာရှင်များ၊ ဘာသာရပ်ဆိုင်ရာဆရာအကြီးအမှူးများ၊ စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးဆိုင်ရာတာဝန်ရှိသူများ၊ ဆရာကိုယ်စားလှယ်များ၊ ကျောင်းသားကိုယ်စားလှယ်များနှင့် မိဘများပါဝင်ဖွဲ့စည်းထားသည့် ကော်မတီကို ဆိုသည် ဆိုသည့်အချက်ကို ကျွန်တော်တို့ ပယ်ဖျက် စေချင်ပါတယ်။ နောက်အလားတူပဲ အဲဒီစကားရပ်နှင့် ပတ်သက်ပြီးတော့ ကျောင်းအုပ်ချုပ်ရေးကော်မတီဆိုတဲ့ စကားရပ်နဲ့ ပတ်သက်ပြီး ပါဝင်နေတဲ့ စာမျက်နှာ ၁၂၊ ပုဒ်မ ၁၉ ၊ စာမျက်နှာ ၁၃၊ ပုဒ်မ ၂၈ ကိုလည်း ပယ်ဖျက်စေချင်ပါတယ်။ ဒါကလည်း ခုနက ပြောသလိုပါပဲ။ ဒီဥပဒေဟာကျွန်တော်တို့ မိခင်ပင်ရင်းဥပဒေ ဖြစ်ပါတယ်။ သပ်သပ်သီးခြား ထပ်မံပြီးတော့ ရေးဆွဲမယ့် အဆင့်မြင့်ပညာရေးဥပဒေ နောက်တစ်ခါ အခြေခံပညာရေးဥပဒေတွေမှာတော့ ဒါတွေကို ကျွန်တော်တို့ ထည့်သွင်းရေးဆွဲနိုင်ပါတယ်။

ဒါကြောင့်မို့လို့ ပင်ရင်းဥပဒေတွေမှာ ဒါကိုထည့်သွင်းရေးဆွဲဖို့ မလိုအပ်တဲ့အတွက် ပယ်ဖျက်သင့်ပါတယ်။ သီးခြားထပ်မံရေးဆွဲမယ့် အဆင့်မြင့်ပညာရေးဥပဒေတို့၊ အခြေခံပညာရေးဥပဒေတို့

ပညာရေးဥပဒေတို့မှာ ထည့်သွင်းရေးဆွဲနိုင်ပါတယ်ဆိုတဲ့ဟာကို ကျွန်တော့်အနေနဲ့ ဆန္ဒပြုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၅၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းကျော်ဇောသန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၅၃။**

**ဦးစိုင်းကျော်ဇောသန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်သော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ် ခင်ဗျား။ ကျွန်တော့်အနေနဲ့ အမျိုးသားပညာရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏အတည်ပြုချက်နဲ့ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်ဇယားပါ အမှတ်စဉ် (၅၄) နဲ့ အခန်း (၇) ပုဒ်မ ၄၉ ကို ဖြည့်စွက် ပြင်ဆင်လိုပါတယ်။ အဲဒီ ပုဒ်မ ၄၉ မှာ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်များတွင် မူလတန်းအဆင့်၌ တိုင်းရင်းသားဘာသာစကား သင်ကြားသင်ယူမှုကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ဆောင်ရွက်နိုင်သည်ဆိုပြီးတော့ ပြည်သူ့လွှတ်တော်က အတည်ပြုထားရာမှာ တိုင်းရင်းသားဘာသာစာပေ၊ စကားဆိုပြီးတော့မှ စာပေဆိုတဲ့စကားရပ်ကို ဖြည့်စွက်ခြင်းနဲ့ မူလတန်းအဆင့်၌ဆိုတဲ့ စကားရပ်ကို ပယ်ဖျက်ရန် ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဗဟိုချုပ်ကိုင်မှုလျှော့ချပေးခြင်းနဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့၏ လုပ်ငန်းကို ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ရေးအတွက် နောင်လာမယ့်အနာဂတ် သုံးလေးနှစ်ကာလကို မျှော်မှန်းပြီး ပြင်ဆင်လိုခြင်း ဖြစ်ပါတယ်။ သို့ပါ၍ အမျိုးသားပညာရေးဥပဒေကြမ်း၏ အမှတ်စဉ် (၅၄)၊ အခန်း (၇)၊ ပုဒ်မ ၄၉ ကို စာပေဟူသောစကားရပ်ကို ဖြည့်စွက်ခြင်းနှင့် မူလတန်းအဆင့်၌ဆိုသည့် စကားရပ်ကို ပယ်ဖျက်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် တိုင်းရင်းသားဘာသာစာပေ၊ စကားသင်ကြားသင်ယူမှုကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ဆောင်ရွက်နိုင်သည်ဟု ပြင်ဆင်ပြဋ္ဌာန်းသင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်ဖြစ်သည့် ပြည်သူ့လွှတ်တော်၏ အတည်ပြုထားသည့် ပုဒ်မ ၄၉ ကို ပုဒ်မ ၄၅ အဖြစ် ပြောင်းလဲအမှတ်စဉ် ပါသည်ဆိုတာကို ပြင်ဆင်ချက် အတိုင်းထားရန်ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၅၅။**

**ဥက္ကဋ္ဌ။** ။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၅၅။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၂)။** ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီး နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်း ဆက်သလိုပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ဆွေးနွေးတဲ့အချိန်မှာ slide ပြခွင့်ပြုရန်နှင့် အင်္ဂလိပ် စကားလုံးတွေ သုံးစွဲခွင့်ပြုရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီ ပညာရေးကတော့ ကျွန်တော်တို့ ဒီပညာရေးဥပဒေ Mother Law ရေးဆွဲတဲ့အချိန်မှာ The Spirit of Law ကတော့ တော်တော်လေး ကောင်းလာပြီလို့ သုံးသပ်နိုင်ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ အဓိက ဖော်ဆောင်သင့်တဲ့ဟာလို့ မြင်တာကတော့ ဒီ လွတ်လပ်မှု၊ လွတ်လပ်တဲ့ပညာရေးစနစ်ကို ကျွန်တော်တို့ နိုင်ငံက ဖော်ဆောင်သင့်တယ်လို့ ကျွန်တော်မြင်ပါတယ်။ ကျွန်တော်တို့ ဒီမိုကရေစီနိုင်ငံ ရောက်လာတာနဲ့အညီ ပညာရေးကဏ္ဍမှာလည်း အားလုံးက၊ စိတ်ပါဝင်စားသူ အားလုံးက လွတ်လွတ်လပ်လပ် ဖော်ဆောင်နိုင်တဲ့ အခွင့်အရေးကိုလည်း ပေးဖို့လိုတယ်လို့ ကျွန်တော် ပထမဆုံးတင်ပြလိုပါတယ်။ ဒီဥပဒေကြမ်းကိုလည်း ကျွန်တော် တစ်ခုပြီး တစ်ခု ဆွေးနွေးသွားပါမယ်။ ဒီ ကျွန်တော် အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ ဒီ ပုဒ်မ ၃ မှာပေါ့နော်၊ ဒီကောင်စီဆိုတဲ့ (ဂ)ကို ကျွန်တော်ဖျက်ချင်ပါတယ်။ ကျွန်တော်က ဘာဖြစ်လို့ ဖျက်ချင်သလဲဆိုတော့ ဒီလိုမျိုးဝန်ကြီးဌာန ရဲ့အထက်မှာ ကောင်စီတို့၊ ကော်မရှင်တို့ ပေါ့နော်၊ ရှိရင် တော်တော်လေး လုပ်ငန်း မတွင်ကျယ်နိုင်ပါဘူး။

အခုကျွန်တော်တို့ အလုပ်သမားဝန်ကြီးဌာနမှာဆိုရင် ဘယ်လိုလဲဆိုတော့ ကောင်စီဘက်မှာ ပညာ၊ ကျန်းမာနဲ့ ဒီလူ့စွမ်းအားဖွံ့ဖြိုးရေး ကော်မတီရှိတယ်။ ဒီအပေါ်မှာ သမ္မတရုံးရှိတယ်။ ဒီအပေါ်မှာ ဒုသမ္မတ ရှိတယ်။ အဲဒီလိုမျိုးအဆင့်ဆင့်အရမ်းများခဲ့တဲ့အချိန်ကျတော့ အလုပ်ကလုံးဝမဖြစ်နိုင်ဘူး။ ဒီလိုပဲ ပညာရေးမှာလည်း အဆင့်ဆင့် ကျွန်တော်တို့ ဒီလိုမျိုးလုပ်နေရင် လုပ်ငန်းက ပြီးမှာမဟုတ်ဘူး။ အဲဒီတော့ ဝန်ကြီးဆိုတာက ကျွန်တော်တို့ အရည်အချင်းမရှိရင်လည်း မခန့်နဲ့။ ဝန်ကြီးမှာ ရှိရမည့် အရည်အချင်းအကုန်လုံး စွမ်းဆောင်တာလည်း သူပဲ။ ခန့်သင့်ပါတယ်။ အဲဒါကြောင့် ဒီကောင်စီဆိုတဲ့ ဟာကို သို့မဟုတ် ကော်မရှင် ဆိုတဲ့ဟာကို သူနဲ့ သက်ဆိုင်တဲ့ အခန်း (၄)က ပုဒ်မ ၆ ကနေ ၁၀ အထိကို အကုန်လုံးဖျက်ပြီးတော့ ဒီအစိုးရအဖွဲ့ပြီးရင် ဝန်ကြီးဌာန ဆိုတာပဲရှိသင့်တယ်လို့ ကျွန်တော် မြင်ပါတယ်။ အဲဒီဝန်ကြီးဌာနအပြီးမှာ ကျွန်တော်က ဘယ်လိုဖြစ်စေချင်သလဲဆိုတော့ Board အဖွဲ့တစ်ဖွဲ့ပဲ ထားသင့်တယ်လို့ ကျောင်းတိုင်းမှာ လွတ်လွတ်လပ်လပ် သူတို့ ဖော်ဆောင်ချင်တဲ့ပုံစံမျိုး၊ အစိုးရက (၁၀၀)ရာခိုင်နှုန်း ပံ့ပိုးတဲ့ကျောင်းမှာပဲဖြစ်ဖြစ်၊ သူ့ရဲ့ Board နဲ့ လွတ်လွတ်လပ်လပ်၊ သူ့ရဲ့ ပါမောက္ခချုပ် Board ဥက္ကဋ္ဌတွေနဲ့ လွတ်လွတ်လပ်လပ် ဖော်ဆောင်နိုင်အောင်ပြီးတော့ ပုဂ္ဂလိကကျောင်းကို အစိုးရက ပံ့ပိုးတဲ့ဟာတွေလည်း ဒီလိုပါပဲ။ ပုဂ္ဂလိက သပ်သပ်ဆိုလည်း ဒီလိုပါပဲ။

ဒီလိုမျိုး လွတ်လပ်တဲ့ကျောင်းစနစ်ကို ကျွန်တော်တို့ စတင်တည်ထောင်သင့်နေပြီလို့ ကျွန်တော်မြင်ပါတယ်။ အဲဒါမှပဲ ကျွန်တော်တို့ရဲ့ ပညာရေးစနစ်က ကောင်းလာမယ်လို့ ကျွန်တော် မြင်ပါတယ်။ ပြီးတော့ နောက်တစ်ခု ဒီမှာ ကျွန်တော်တို့ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ (ဖ) တို့၊ (ဈ) တို့ မှာလည်း ကျွန်တော်တို့မူကြိုစနစ်၊ မူကြိုစနစ်ပြီးရင် ကျွန်တော် သူငယ်တန်းပညာရေး ဆိုတာကို ပယ်ဖျက်စေချင်ပါတယ်။ ကျွန်တော်တို့က KG + 10၊ KG + 12 ဆိုတဲ့နိုင်ငံတကာမှာ ကျင့်သုံးတဲ့စနစ်ကို စတင် ကျင့်သုံးသင့်နေပြီလို့ ထင်ပါတယ်။ သူငယ်တန်းဆိုတာက ကျွန်တော်တို့ ဟိုမရောက်၊ ဒီမရောက် ပေါ့နော်။ ဆိုတော့ ဒီမူကြိုပညာရေးကိုလည်း ဒီပုဂ္ဂလိက အဖွဲ့ကပဲဖြစ်ဖြစ်၊ အစိုးရအဖွဲ့ကပဲဖြစ်ဖြစ်၊ ဘာသာရေးအဖွဲ့ကပဲဖြစ်ဖြစ် ဘယ်သူမဆိုပေါ့နော်၊ လွတ်လွတ်လပ်လပ် ဖော်ဆောင်ပြီးတော့ အဲဒီက နေပေါ့နော်။ သူငယ်တန်း ဆိုတာမရှိတော့ဘဲနဲ့ Primary 1 ပေါ့၊ မူလတန်း (၁)ကနေ စသင့် တယ်လို့ ကျွန်တော်ထင်ပါတယ်။ အဲဒါကြောင့် (ဈ)ပေါ့နော် ပြည်သူ့လွှတ်တော်က လုပ်ထားတဲ့ (ဈ)ထိ အမျိုးသားလွှတ်တော်ကလုပ်တဲ့ (န) တွေပေါ့ အဲဒါတွေကိုကျွန်တော်ပယ်ဖျက်သင့်တယ်လို့ မြင်ပါတယ်။ ပြီးတော့ အဲဒီမှာ အဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ခုမှာ ဒီ ဝန်ကြီးဌာနက စတင်ရေးဆွဲခဲ့တဲ့ဟာမှာ ကျွန်တော်တို့

ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနဲ့ ဒီ ဘာသာရေးအဖွဲ့အစည်းသင်ပညာရေးကျောင်းဆိုတာက ဝန်ကြီးဌာနက ထည့်ပေးခဲ့ပါတယ်။ အဲဒါကို ပြည်သူ့လွှတ်တော်က ပယ်ဖျက်ပေးခဲ့တယ်။ အဲဒါကို ကျွန်တော်ကတော့ ဝန်ကြီးဌာနက ရေးဆွဲလာတဲ့အတိုင်းပဲ ပြန်ပြီးတော့ ဖြည့်စွက်စေချင်ပါတယ်။

ဒါကလည်း ဘာဖြစ်လို့လဲဆိုတော့ ပညာရေးကဏ္ဍ ကျောင်းအမျိုးအစားတွေမှာ ဒီမှာ ရေးတဲ့အချိန်မှာလည်း ဘုန်းတော်ကြီးသင်ကျောင်း ပါတယ်။ ဒီမှာလည်း ဘာသာရေးအဖွဲ့အစည်းသင် ပညာရေးကျောင်းဆိုတာ မပါတော့ဘူး ကဲ ကျွန်တော်တို့က ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှာ အားလုံး ပါတယ်ဆိုရင်တော့ မျှတပါတယ်။ ဒီမှာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းကျတော့ ခွင့်ပြုပြီးတော့ တခြားဘာသာရေး အဖွဲ့အစည်းသင် ပညာရေး ကျောင်းကျတော့ ခွင့်မပြုဘူးဆိုရင် ဒါ ခွဲခြားမှုရှိပြီး ကျွန်တော်တို့နိုင်ငံမှာ လုံးဝမသင့်တော်တော့ဘူး။ ဆိုတော့ ကျွန်တော်တို့က ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းကို ထည့်သွင်းသင့်တယ်။ ဘာသာရေး အဖွဲ့အစည်းသင် ပညာရေးကျောင်း ဆိုတာလည်း ထည့်သင့်တယ်လို့ ကျွန်တော်မြင်ပါတယ်။ ဒါကကျွန်တော်တို့ နိုင်ငံမှာ ဘာမှ စိုးရိမ်စရာ မရှိပါဘူး။ ဒါတွေက ကျွန်တော်တို့နိုင်ငံမှာ ဗုဒ္ဓဘာသာက (၉၀) ရာခိုင်နှုန်း၊ ခရစ်ယာန်ဘာသာက (၅) ရာခိုင်နှုန်း၊ အစ္စလာမ်က (၃)၊ (၄) ရာခိုင်နှုန်း လောက်ပဲရှိပါတယ်။

ပြီးတော့ ကျွန်တော်တို့ နိုင်ငံတကာမှာ အရင်တုန်းကလည်း ပြောဖူးပါတယ်။ အကောင်းဆုံး ကျောင်းလို့ ခေါ်တဲ့ ကျွန်တော်တို့ အခုဟားဗတ်တို့၊ အောက်စဖိုဒ်တို့၊ ဘာတို့ (၁၀)ကျောင်းလောက် အခု ဒီ University အကောင်းဆုံးတွေကလည်း ဒီဘာသာရေးသင်ပညာရေးကျောင်းကနေ သေးသေးလေး ကနေ စတင်ပြီးတော့ ဖြည်းဖြည်းချင်း တက်တက်တက်လာပြီးတော့ နောက် ကမ္ဘာ့နံပါတ်တစ်အဆင့် အထိတောင် ရောက်လာတာ ဖြစ်ပါတယ်။

ဒါကြောင့် ဒါတွေကို စိုးရိမ်ပူပန်ပြီးတော့ ဒီအတိုင်း ပယ်ဖျက်တယ်ဆိုတာက မသင့်တော်ပါဘူး။ အဲဒါကြောင့် ကျွန်တော်က ပြန်ပြီးတော့ ထည့်ပေးစေချင်ပါတယ်။ ပြီးတော့ နောက်တစ်ခု ဆွေးနွေးချင်တာကတော့ ဘာလဲဆိုတော့ ပုဒ်မ ၅(ဈ)မှာ ဘာပါသလဲဆိုတော့ ကျောင်းများတွင် ဘာသာရေးနဲ့ နိုင်ငံရေးဆိုင်ရာအဖွဲ့အစည်းများ၏ စွက်ဖက်မှုမှ ကင်းလွတ်စေရမည် ဒါမျိုးပြဋ္ဌာန်းစရာလည်း ကျွန်တော် မလိုဘူးလို့ထင်တယ်။ ကျွန်တော်တို့ ကျောင်းမှာ ဒါ ဘာဖြစ်လို့ နိုင်ငံရေးတွေ၊ ဘာတွေလာ သလဲဆိုရင် ကျွန်တော်တို့ကျောင်းမှာ ကျွန်တော်တို့ ကျောင်းတက်ပြီးတော့ ကျောင်းသားတွေက Prospect ဆိုတဲ့ အလားအလာ ကျောင်းပြီးရင် ဘာရမလဲဆိုတဲ့ အလားအလာ မသိလို့ ဒီနိုင်ငံရေး လောကထဲကို စိတ်ဝင်စားတာတွေ့ရပါတယ်။ ကျွန်တော်တို့ နိုင်ငံတကာကျောင်းတွေ ကြည့်တဲ့အချိန်မှာ သူတို့ ကျောင်းတက်လို့ရှိရင်၊ ကျွန်တော်ကျောင်းပြီးရင် ဘာဖြစ်လာမယ်ဆိုတဲ့ အလားအလာကို သူတို့ ကောင်းကောင်းလည်း သိတယ်။ အဲဒါကြောင့် ဟီးလေးဟားလားမနေဘူး ကျောင်းတက်တဲ့ အချိန်မှာ၊ သူရဲ့ ကျောင်းပညာရေးစနစ်ပဲ စိတ်ဝင်စားတယ်။ ဒီ ဆန္ဒပြတာတွေကိုလည်း စိတ်မဝင်စားဘူး။

ကျွန်တော်တို့ ရန်ကုန်တက္ကသိုလ်မှာ ကျောင်းမှာ တက်ဖူးပါတယ်။ ကျွန်တော်တို့ ကျောင်းသားတွေ အားလုံးက အဲဒီတုန်းကတော့ ကျွန်တော်တို့ နယ်မှာ မပို့သေးတဲ့ဟာတွေပေါ့နော် လှိုင်တက္ကသိုလ်တို့မှာ တက်တဲ့အချိန် ကျောင်းသားတွေအားလုံးက ကျွန်တော်တို့ ဘွဲ့ရရင် ဘာရမလဲဆိုတာ ဘယ်သူမှ မသိဘူး။ ကျွန်တော်တို့ အတန်းပညာရေးမှာလည်း လုံးဝစိတ်ဝင်မစားဘူး။ ကြိုက်တဲ့နေရာမှာ လျှောက်သွားတက်တယ်။

စီးပွားရေးတက္ကသိုလ် သွားတက်လိုက်၊ ဟိုဟာသွားတက်လိုက်၊ ဒီဟာသွားတက်လိုက်၊ ကြိုက်တဲ့လမ်းမှာ သွားထိုင်လိုက် အပျော်သက်သက်အတွက်ပဲ ကျောင်းသားတွေအားလုံးက အဲဒီမှာ နိုင်ငံရေးပယောဂတွေ ဝင်လာရင် လိုက်လျောဖို့ကလွယ်လွယ်လေး ဘာဖြစ်လို့အဲဒီလို ဖြစ်သလဲ ဆိုရင် ကျွန်တော်တို့ ကျောင်းပညာရေးစနစ်မှာ Future Prospect မရှိလို့ဘဲ ကျွန်တော်တို့ဟာ လွတ်လပ်တဲ့ကျောင်းစနစ်ကို ထူထောင်လာပြီးတော့ ကျောင်းတွေမှာ ကျွန်တော်တို့ ကျောင်းထွက်ပြီးရင် ဘာအလားအလာ ရှိလဲဆိုတာကို လူတိုင်းက ကောင်းကောင်းလေးသိလို့ရှိရင် ဒါတွေဘာမှ ရွေးစရာ မလိုဘူး။ ကျောင်းထဲမှာပဲ အားလုံးကနစ်မြုပ်ပြီးတော့၊ ပညာရေးကို ဦးစားပေးပြီးတော့ သင်လာမှာ ဖြစ်တယ်ဆိုတာကို ကျွန်တော် တင်ပြချင်ပါတယ်။ နောက်တစ်ခု တင်ပြချင်တာကတော့ ဘာလဲဆိုရင် ကျွန်တော် Slide လေးတစ်ခုနဲ့ တင်ပြချင်ပါတယ်။ Slide ကျေးဇူးပြုပြီးတော့ ပြပေးပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံက ဝန်ကြီးတစ်ယောက် ပြောင်းတိုင်း ပြောင်းတိုင်း ပညာရေး စနစ်တွေကလည်း ပြောင်းတော့ ဒီလို စမ်းသပ်ခံဘဝနဲ့ဖြတ်သန်းနေ ကျွန်တော်တို့ ပညာရေးစနစ်က လုံးဝ ပျက်စီးသွားပြီ။ အဲဒီလို မဟုတ်ဘဲနဲ့ တခြားနိုင်ငံတွေမှာ အနှစ် (၅၀) အနှစ် (၁၀၀)ကျင့်သုံးပြီးလို့ ဒီစနစ်က ကောင်းတယ်လို့ မြင်ရင် အတုယူသင့်တယ်။ အခု ကျွန်တော်တို့ လူ့စွမ်းအား အရင်းအမြစ်နဲ့ နိုင်ငံကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်တဲ့ စင်ကာပူကို လေ့လာကြည့် စေချင်တယ်။ သူတို့က ဘာဖြစ်လို့ ဒီလိုဖြစ်တာ သူတို့က နိုင်ငံတကာမှာ စနစ်ကောင်းတဲ့ဟာတွေကို အကုန်လုံး လေ့လာပြီးတော့ အကောင်းဆုံးတွေကိုယူတယ်။ အများဆုံး ဘယ်ကနေ ယူသလဲဆိုတော့ ဆွစ်ဇာလန်နိုင်ငံကနေ အများဆုံးယူတယ်။ အဲဒီလိုပဲ ပညာရေးတစ်ခုတည်းမှာမဟုတ်ဘူး ကျန်တဲ့ ကိစ္စတွေလည်း ဒီလိုပဲ၊ ကျွန်တော်တို့ အစကနေ စလုံးရေစက နေပြီးတော့၊ စမ်းသပ်ပြီးတော့ တီထွင်နေစရာ မလိုဘဲနဲ့ သူများနိုင်ငံတွေမှာ စမ်းသပ်ပြီးတော့၊ တီထွင်ပြီးတော့ အောင်မြင်တယ်၊ ကောင်းတယ်ဆိုရင် အတုယူသင့်တယ်လို့ ကျွန်တော် မြင်ပါတယ်။

အဲဒါကြောင့် အခု သူတို့ စင်ကာပူနိုင်ငံရဲ့ ပညာရေးစနစ်တစ်ခုလုံးကို ကျွန်တော် နည်းနည်း Slide နဲ့ တင်ပြချင်တယ် ဥက္ကဋ္ဌကြီးခင်ဗျား။ သူကတော့ ဒီလို လုပ်ပါတယ်။ မူကြိုကျောင်းမှာ (၃) နှစ် အဲဒီကနေ ပြည့်ဝ Primary ဆိုပြီးတော့ (၆) နှစ်သင်ပါတယ်။ အဲဒီ Primary ပြီးသွားလို့ရှိရင် ISC Level တို့ GCE, N Level တို့ GCE ,O Level, GCE ,N Level ဆိုပြီးတော့ ဒီ Secondary ကို ဒီလို လုပ်ပါတယ် (၄) နှစ် အဲဒီမှာ Primary ပြီးတဲ့အချိန်မှာ တချို့တွေက အဲဒီလိုမျိုး ဒီဘက်ခြမ်းမှာ မသွားနိုင်တဲ့သူတွေက Vocational ဆိုပြီးတော့ သူ့အတွက် သိပ်အဆင့်မမီတဲ့လူတွေ ဒီလိုပဲ လုပ်ခွင့်လည်းပြုတယ်။ အဲဒီကနေ တဖြည်းဖြည်း တက်လာတယ်ဆိုရင်တော့ ဒီအပေါ်မှာလည်း တက်ဖို့တော့ အခွင့်အရေး ရှိတယ်။

ကျန်တဲ့နေရာမှာ သူတို့က Grading System မှာလည်း ကျတယ်။ Failure System ကျတယ်ဆိုတဲ့ စနစ်ကို လုံးဝ မသုံးဘူး။ လူတစ်ဦးတစ်ယောက်ရဲ့ စိတ်ဓာတ်က အရမ်းကြီးကျယ်တယ်။ သူက အဲဒါက ဘယ်ကနေ စလဲ Cambridge ကနေ စတယ်။ နိုင်ငံတကာမှာ အဲဒီလိုပဲ သုံးပါတယ်။ သူတို့က ဘယ်လိုလဲဆိုတော့ - Grading System မှာ A, A-B အဆင့်ဆင့် သွားပြီးတော့ ကျွန်တော်တို့ Secondary မှာ လုံးဝ ဟိုးအပေါ်ထိ မရောက်နိုင်တဲ့လူ N, Level ဆိုပြီး Normal လို့ပဲ သတ်မှတ်လိုက်တယ်။ Failure ကျရှုံးတဲ့လူတစ်ယောက်က စိတ်ဓာတ်ကျဖို့ မလိုဘူး။ သူက Normal

တစ်ယောက်ပဲ ဆိုတော့ သူတို့အတွက် ဘာအခွင့်အရေးကို လုပ်ပေးသလဲဆိုတော့ ITE ဆိုတော့ Institute of Technical Education (၂) နှစ်သင်တန်း ဆံပင်ညှပ်တာ ကျွမ်းကျင်ရင် ဆံပင်ညှပ်၊ ပေါင်မုန့်ဖုတ်တာကျွမ်းကျင်ရင် ပေါင်မုန့်ဖုတ်တာ သူ့ရဲ့ပညာရပ်ပိုင်းမှာ၊ သူ့ရဲ့ Service အပိုင်းမှာ သူ့ရဲ့ Service အဲဒီမှာ အများကြီးကို သူတို့ သွားခွင့်ပြုတယ်၊ အဲဒီမှာ Secondary လို့ခေါ်တဲ့ ကျောင်းပြီးလို့ရှိရင် (၂၅) ရာခိုင်နှုန်းလောက် သွားတယ်။ နိုင်ငံတကာမှာဒီလိုပဲ ကျင့်သုံးပါတယ်။ စင်ကာပူတစ်ခုတည်း မဟုတ်ပါဘူး။ ပြီးတော့ အဲဒီထက် နည်းနည်း အဆင့်မြင့်တယ် ပြောရမလား O Level သူတို့ O Level ဆိုတာ Ordinary Level လို့ခေါ်တယ်။ အဲဒီမှာ (၄၀) ရာခိုင်နှုန်းလောက် သွားတယ်။ Secondary ပြီးရင် သူတို့က Polytechnics လို့ခေါ်တယ်။ အဲဒီမှာတော့ နည်းနည်း ITE ထက်တော့ နည်းနည်း အဆင့်မြင့်တယ်။ ဒီ Polytechnic တစ်ခုတည်းကို သွားတက်နိုင်ရန် အတွက် ကျွန်တော်တို့ အာရှနိုင်ငံ အားလုံးက အများကြီးက ဝင်ခွင့်ကြိုးစားပြီးတော့ ကျွန်တော်တို့ ယှဉ်ပြိုင်ပြီးတော့ သွားတက်နေရတာပါ။ ဒီလိုမျိုးပေါ့နော် အဲဒီမှာတော့ Acedamic Research ဘက်မှာသွားဖို့ အဆင့်မဟုတ်ဘူး။ သူ့ရဲ့သွားရမယ့် လမ်းကြောင်းမှာ အမျိုးမျိုး ဖန်တီးပေးတယ်။ Technician အမျိုးမျိုးပေါ့နော်။

ပြီးတော့ နောက် တစ်ဖွဲ့ကတော့ ဘာလဲဆိုရင်တော့ A Level လို့ခေါ်ပါတယ်။ Advanced Level သူတို့ကတော့ Junior College ကို တက်ပါတယ်။ ဒါကတော့ Research Level ထိ ဟိုး အပေါ် University ထိ ဒီလိုမျိုး သူ့ရဲ့ အဆင့်ဆင့်လေးကို ဖန်တီးပေးပါတယ်။ ဒီ ကျွန်တော်တို့ ဒီမှာ GCE, N Level မှာလည်း စက်မှုဝန်ကြီးဌာနတို့ ဘာတို့မှာဖွင့်ထားတယ်။ ရှိပါတယ်။ ဒါပေမဲ့ အဲဒီမှာ ဘာအားနည်းချက်ရှိသလဲဆိုတော့ (၁၀) တန်း ကျတဲ့ အောင်တဲ့ လက်မှတ်ကို သွားယူခိုင်းတာ Failure ဟာ ကျွန်တော်က ကျရှုံးတဲ့ လူကိုမှ တက်ခွင့်ပေးတာ အဲဒီလိုမျိုး သူက Philosophy အတွေးအခေါ်က မတူဘူး။ အဲဒီမှာ ကျွန်တော်တို့ စက်မှုဝန်ကြီးဌာနတို့ ဘာတို့က အခု ဖွင့်လာတာ နည်းနည်းတော့ ရှိလာပါတယ်။ ဒါ တော်တော်လေး အစ တော့ ကောင်းသွားပါပြီ။ ဒါပေမဲ့ အဲဒီလိုမျိုး မဟုတ်ဘဲနဲ့ Grading System မှာလည်း ကျရှုံးတယ်လို့ အဲဒီစနစ်မဟုတ်ဘဲ GPA လို့ ခေါ်တဲ့ Grade Point Average လို့ ခေါ်တယ်။ သူက ပျမ်းမျှကို ပြန်ယူတာ အဲဒီမှာ N, Level ဆိုရင်တော့ သူ့အတွက် တက်လမ်းတစ်ခု ဒီလိုမျိုး တစ်နိုင်ငံလုံးမှာ နေရာ တော်တော်များများမှာ ကျွန်တော်တို့ ထားသင့်ပါတယ်။

ITE တို့ ကျွန်တော်တို့ နိုင်ငံတစ်ခုမှာထုတ်လုပ်မှုမှာ အားလုံးက တက္ကသိုလ်တက်စရာ မလိုဘူး။ သူ့ရဲ့ကဏ္ဍနဲ့ သူ့ရဲ့ကဏ္ဍမှာ ထုတ်လုပ်မှုမှာ ကျွန်တော်တို့လူသားတွေ အားလုံးက လူ့စွမ်းအား အရင်းအမြစ်ပဲ ကျွန်တော် အားလုံး လိုတာချည်းပဲ ဆိုတော့ သူ့ကဏ္ဍ သူ့ကဏ္ဍမှာ ကျွန်တော်တို့ လမ်းကြောင်းဖွင့်ပေးဖို့ လိုပါတယ်။ ဒုတိယကဏ္ဍမှာတော့ O Level သမားတွေဆိုရင် Polytechnic နောက် နည်းနည်း အဲဒါထက် အဆင့်မြင့်တဲ့နေရာတွေမှာဆိုရင် ဒါ A Level ပေါ့၊ အစိုးရက ဒီလိုပဲ သွားတယ်။ ဒီဘက်ခြမ်းမှာ ပုဂ္ဂလိကကျောင်းတွေကိုလည်း လွတ်လွတ်လပ်လပ် ဖန်တီးခွင့်ပြုတယ်။ အရောင်တစ်မျိုးနဲ့ပေါ့ ဒီမှာ လုပ်ခွင့်ပြုတယ်။ အခန်း ၅၊ ပုဒ်မ ၁၆ တို့မှာ ကျွန်တော်တို့ မူလတန်းပြီးရင် အလယ်တန်းတက်မယ်။ အလယ်တန်းပြီးရင် အထက်တန်း၊ အထက်တန်းပြီးမှ နည်းပညာတို့၊ အသက်မွေးကျောင်းတို့ သွားဖို့ဆိုတာ ကျွန်တော်တို့ ဒါတော့မဖြစ်သင့်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ KG+12 စနစ်ကို ကျင့်သုံးမယ်ဆိုရင် ဒီကုန်ထုတ်လုပ်ငန်း၊ မုန့်လုပ်ငန်းတွေ

အတွက်ပေါ့နော်။ Technicians တွေနဲ့ Vocational သမားတွေ ဒီလောက် (၁၂) နှစ်တက်စရာမလိုဘူး။ ဆယ်တန်းပြီးရုံလောက်နဲ့ သူတို့ဟာ သူတို့ရဲ့ကျွမ်းကျင်ရာဘက်ကို လိုက်ဖို့ အခွင့်အလမ်းပေးသင့်တယ်။ ဒီမှာ ကျွန်တော်တို့ ဥပဒေမှာ ဖော်ပြထားတာကတော့ အဲဒီလိုမျိုး KG+12 ပြီးမှပဲ သူက တက်ခွင့် ပြုထားပါတယ်။ ဒါကတော့ လုံးဝမသင့်တော်ဘူးလို့ ကျွန်တော်မြင်ပါတယ်။ ဒါကို ကျွန်တော် ပြုပြင် စေချင်ပါတယ်။

KG+10 Secondary မှာဆိုရင် သူ့ရဲ့ကျွမ်းကျင်ရာကျွမ်းကျင်ကြောင်း လိုင်းတစ်လိုင်း လေးတစ်ခု ပြီးတော့ ပညာရေးဝန်ကြီးဌာန သို့မဟုတ် ဒီ ကျွန်တော်တို့ တခြားဝန်ကြီးဌာန ပူးပေါင်းပြီးတော့လည်း ပညာရေးဝန်ကြီးဌာန တစ်ခုတည်းကနေမနိုင်ဘူးဆိုရင်လည်း ဒီ Polytechnic တွေ ကျောင်းတွေပေါ့နော် အများကြီး စိုက်ပျိုးရေးတွေ စိုက်ပျိုးမွေးမြူရေး ပညာကအစ အခြားသစ်တောကနေအစ အားလုံးအများကြီးကို ကျွန်တော်တို့ပညာရေးဝန်ကြီးဌာန တစ်ခုတည်း မနိုင်ဘူးဆိုရင်လည်း အခြားဝန်ကြီးဌာနကနေ ပူးပေါင်းပြီးတော့ တစ်နိုင်ငံလုံးမှာ ကျွန်တော်တို့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးနိုင်အောင် ဒီလိုမျိုးစနစ်ကိုဖော်ဆောင်ပေးသင့်တယ်လို့ ကျွန်တော် မြင်ပါတယ်။ ပြီးတော့ ဒါရပါပြီ။ ဟုတ်ကဲ့ ဒါလည်း ရပါပြီ။ (၃) မိနစ်ပဲ ကျန်တော့တယ်။

ကျွန်တော်က ပြောချင်တာကတော့ တော်တော်များတယ်။ အဲဒါကြောင့်ကျွန်တော်တို့ ဒီ ကောင်စီနဲ့ပတ်သက်တဲ့ဟာ ပုဒ်မတွေကိုလည်း ကျွန်တော် ပယ်ဖျက်ပေးစေချင်ပါတယ်။ ဒါ အချိန် ရနေတဲ့အချိန်မှာ ကျွန်တော် ဒီ ပုဒ်မ ၄၉၊ ပုဒ်မ ၄၉ မှာ ကျွန်တော်တို့ တိုင်းရင်းသားဘာသာ စကားတွေနဲ့ပေါ့နော် နည်းနည်း ဆွေးနွေးချင်ပါတယ်။ အဲဒီမှာ ကျွန်တော်က ဘယ်ဟာ သဘောကျလဲဆိုရင် NNER က ပြုစုထားတဲ့စာတမ်းဟာ ဒီလိုရေးပေးတာကို ကျွန်တော်က ဒီလိုပဲ ဖော်ဆောင်ပေး သင့်တယ်လို့ ထင်ပါတယ်။ အခု သူတို့က ပုဒ်မ ၄၉ နေရာမှာ (က)(ခ)(ဂ)(ဃ) ဆိုပြီးတော့ ထည့်ထားပေးပါတယ်။ ဒါကို ကျွန်တော် အချိန်က မရ၊ ဖတ်ဖို့က ရတော့မှာ မဟုတ်တဲ့အတွက်ကြောင့် ဥပဒေကြမ်းကော်မတီ နဲ့ ဆွေးနွေးခွင့်ရမယ်ထင်ပါတယ်။

ဒါကိုမဖတ်တော့ဘဲနဲ့ ကျွန်တော်တို့ တိုင်းရင်းသား ဘာသာစကားတွေ အလေးထားပြီးတော့ ဒီအခြေခံဥပဒေတွေမှာပါတဲ့ ဘာသာနဲ့အညီ ကျွန်တော်တို့ ပညာရေးဥပဒေကနေ ဖော်ဆောင်ပေး သင့်တယ်လို့ ထင်ပါတယ်။ Bilingual System လည်းဖော်ဆောင်ပေးသင့်တယ်လို့ ကျွန်တော် ထင်ပါတယ်။ ကျွန်တော်တင်ပြချင်ပါတယ်။ ပြီးတော့ ကျွန်တော် နောက်တစ်ခု ဆွေးနွေးချင်တာကတော့ ဒီမှာ အထားအသိုမှာလည်း ဒီအဓိပ္ပာယ်ဖြည့်စွက် ဟိုမရောက်၊ ဒီမရောက်၊ နောက်သွားလိုက်၊ ရှေ့သွားလိုက်ပဲ ကျွန်တော် လုပ်ပါမယ်။ ဒီမှာ (ထ) တို့မှာ နည်းပညာနဲ့ အသက်မွေးပညာရေး ဆိုပြီးတော့ လာခိုင်းပါတယ်။ ဒီအထားအသိုကို ကျွန်တော်က အသက်မွေးပညာရေးကို အရှေ့မှာ ထားချင်ပါတယ်။ နည်းပညာကို အနောက်မှာ ထားချင်ပါတယ်။

ဘာဖြစ်လို့လည်းဆို ခုနက Slide မှာပြတဲ့အတိုင်းပဲ။ ကျွန်တော်တို့ ဒီအသက်မွေး ပညာရေးကို ကျွန်တော်တို့ မူလတန်းပြီးတာနဲ့အခါ ကနေစပြီးတော့ Vocational ကိုလည်းပဲ ဖော်ဆောင် သင့်ပါတယ်။ ပြီးတော့ ဒီအလယ်တန်းအဆင့်မှာပေါ့နော် ဆယ်နှစ် သင်ပြီးပြီဆိုရင်လည်း ဒီအသက်မွေးပညာရေးကို ဖော်ဆောင်ပေးသင့်ပါတယ်။ အဲဒီထက် နည်းနည်းအဆင့်မြင့်တယ်ဆိုရင် နည်းပညာ၊ ပညာ ပေါ့နော် အဲဒီလိုမျိုးကိုပဲ အဲဒီလိုမျိုးပုံစံနဲ့ ဖော်ဆောင်သင့်တယ်လို့ ထင်ပါတယ်။

ပြီးတော့ အဲဒါကြောင့် ပုဒ်မ ၁၃ မှာ ဒုတိယပိုင်းမှာပေါ့နော်။ မူလတန်း မတက်ရောက်မီ အသက် (၅)နှစ်ပြည့်မီသော ကလေးများအတွက် သူငယ်တန်းပညာရေးကိုလည်း ပါဝင်သည် ဆိုတာကိုလည်း ကျွန်တော် ပယ်ဖျက်ပေးစေချင်ပါတယ်။ ပြီးတော့ ခုနက ကျွန်တော် Grading System ပေါ့နော်။ ဥက္ကဋ္ဌကြီး၊ ကျွန်တော် (၁) မိနစ်လောက် ပြောလို့ရမလား။ ကျွန်တော် ဒီ Grading System လေးကို ကောင်းကောင်းလေး ပြောချင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ထုံးစံအတိုင်းပဲ။

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၂)**။ ။ ဟုတ်ကဲ့။ ကျွန်တော်တို့ ဒီ Grading System အခုလက်ရှိမှာ ကျွန်တော်တို့နိုင်ငံ မှာ ကျင့်သုံးနေတဲ့ စာမေးပွဲ စစ်ဆေးတဲ့ စနစ်ပေါ့နော် ကျွန်တော်တို့ Teaching Method လေးကို ကျွန်တော် တင်ပြချင်ပါတယ်။ အခု ကျွန်တော်တို့ကျင့်သုံးနေတဲ့ စနစ်တွေကပေါ့နော်။ ဒီသင်နေတဲ့ တစ်နှစ်လုံး၊ တစ်ပတ်လုံး ကြက်တူရွေး စနစ်နဲ့ တစ်နှစ်လုံးသင်တဲ့ဟာကို နောက်ဆုံးမှာ စာမေးပွဲ သွားဖြေပြီးတော့ ဘာသာတစ်ခုတည်းမှာပဲ တစ်မှတ်ကျရင်လည်း အားလုံးကျသွားတယ်။ ဒီစနစ်က နိုင်ငံတကာမှာ မကျင့်သုံးတော့ဘူး။ ဒီစနစ် က ဆိုးတာ၊ ကျွန်တော်တို့ ဖလမ်းမှာဆိုရင် ကျောင်းမှာ ကျောင်းသွားအပ်တော့ ဒီ ဘော်ဒါကျောင်းမှာ သွားအပ်တော့ စာပဲ အားတကုန် သွားဖိကျက်တယ်။ ဒီလိုမျိုးစနစ်မဟုတ်ဘဲနဲ့ ကျွန်တော်တို့ Grading System နဲ့သွားလို့ရှိရင် ကျွန်တော်တို့ ကျောင်းတက်နေတဲ့အချိန်မှာလည်း သူ့ရဲ့အပြုအမူပေါ့နော် Attitude Development ကနေ အစပေါ့နော်။ အားကစားလည်းပါမယ်။ အနုပညာလည်းပါမယ်။ သူ့ရဲ့အတန်းမှာ သူ့ရဲ့ Performance ကနေလည်း အမှတ်တွေရသင့်ပါတယ်။ အမှတ်ရပြီးတော့ ဒီလိုပဲ သူ့ရဲ့ပညာရေးစနစ်ကို Development ယူရမှာ ဖြစ်ပါတယ်။ အဲဒါကြောင့် ဒီ Method တွေကိုလည်း

**ဥက္ကဋ္ဌ**။ ။တစ်မိနစ် ပြည့်ပါပြီ။

**အချိန်၊ ၁၄း၁၅**။

**ဥက္ကဋ္ဌ**။ ။အစည်းအဝေးကို (၁၅)မိနစ်ခေတ္တ ရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို (၁၄း၁၀)နာရီအချိန်တွင် ရပ်နားပြီး (၁၄း၂၅)နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၄း၃၀**။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

**အချိန်၊ ၁၄း၃၂။**

**ဥက္ကဋ္ဌ။** ။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခက်ထိန်နန် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၃၂။**

**ဦးခက်ထိန်နန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို ဂါရဝတရား ရှေ့ထားပြီးတော့ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခက်ထိန်နန် ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်အနေနဲ့ အမျိုးသားပညာရေး ဥပဒေကြမ်းနဲ့ စပ်လျဉ်းပြီးတော့ အခန်း (၁)၊ ပြည်သူ့လွှတ်တော် ပုဒ်မ ၃၊ အမျိုးသား လွှတ်တော်ရဲ့ ပုဒ်မ ၂၊ ပုဒ်မခွဲ(ဆ)ကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ ပုဒ်မ ၂၊ ပုဒ်မခွဲ(ဆ)မှာ အမျိုးသားပညာရေးဆိုသည်မှာ နိုင်ငံတော်ရှိ တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာနှင့် ရိုးရာဓလေ့များ၏ အနှစ်သာရများကို တန်ဖိုးထားပြီး ဘက်စုံအတွေးအခေါ် မှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်သော လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်ပေးသော နိုင်ငံတော်၏ ပညာရေးစနစ်ကို ဆိုလိုသည်ဆိုတဲ့ ပုဒ်မခွဲတွင် ရိုးရာဓလေ့များ၏ အနှစ်သာရများကို တန်ဖိုးထားပြီး ဆိုတဲ့နေရာမှာ ရိုးရာဓလေ့များ၏အနှစ်သာရများကို တန်ဖိုးထား၍ ပြုစုပျိုးထောင် မြေတောင်မြှောက်ပေးပြီးဟု ထည့်သွင်းမှ ဥပဒေပုဒ်မခွဲ(ဆ)ဟာ အသက်ဝင်ပြီးတော့ ပိုပြီးတော့ တန်ဖိုးရှိမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံအတွက်၊ တိုင်းရင်းသားများအားလုံးအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာနဲ့ ရိုးရာဓလေ့များကို တန်ဖိုးထားရုံမဟုတ်ဘဲ ပြုစုပျိုးထောင် မြေတောင်မြှောက်ပေးမှ ယုတ်လျော့အားနည်း ယိုယွင်းပျောက်ကွယ်မှုများမှ ကာကွယ်နိုင်မှာဖြစ်ပြီး ပို၍လည်း ခိုင်မာတိုးတက်ထွန်းကားလာမှာ ဖြစ်ပါတယ်။ တန်ဖိုးပဲထားပြီးတော့ လက်တွေ့ပိုင်း ပြုစုပျိုးထောင် မြေတောင်မြှောက်ပေးခြင်းမရှိရင် ကြာလာတဲ့အခါ အားနည်းပျောက်ကွယ်သွားနိုင်တဲ့အတွက် မပျောက်မကွယ် တည်တံ့ခိုင်မြဲ ထွန်းကားနေရန်အတွက် ရိုးရာဓလေ့များ၏ အနှစ်သာရများကို တန်ဖိုးထား၍ ပြုစုပျိုးထောင်မြေတောင်မြှောက်ပေးပြီးဟု ထည့်သွင်းသင့်ကြောင်းကို တင်ပြဆွေးနွေး အပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီပုဒ်မခွဲ(ဆ)မှာပဲ ဘက်စုံအတွေးအခေါ် မှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်သောဆိုတဲ့ စာကြောင်းမှာ ဘက်စုံအတွေးအခေါ် မှန်ကန်၍ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ ကောင်းမွန်သောဆိုပြီးတော့ စိတ်ဓာတ်ဆိုတဲ့ စကားလုံးကို ထပ်မံ ထည့်သွင်းလိုပါတယ်။ အတွေးအခေါ် ဆိုတာက ဦးနှောက်နဲ့ဆိုင်သလို၊ အကျင့်စာရိတ္တ ဆိုတာကလည်း ကိုယ်ကျင့်အမူအရာ စရိုက်နဲ့ သက်ဆိုင်နေပါတယ်။ လူတွေအတွက် အဓိကအရေးကြီးဆုံးဖြစ်တဲ့ စိတ်ပိုင်းဆိုင်ရာ၊ စိတ်ဓာတ်ပိုင်းဆိုင်ရာ မပါသေးတာကို တွေ့ရှိရပါတယ်။

လူမှာအတွေးအခေါ်၊ ဦးနှောက်၊ ကိုယ်ကျင့်တရား နဲ့ စိတ်ဓာတ် (၃)ခုပေါင်းမှ ပို၍ပြည့်စုံမှာ ဖြစ်တဲ့အတွက် အပိုဒ်ခွဲ(ဆ)မှာ ဘက်စုံအတွေးအခေါ်မှန်ကန်၍ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ ကောင်းမွန်သောဟူ၍ စိတ်ဓာတ်ဆိုတဲ့ စကားလုံးကို ထပ်မံ ထည့်သွင်းသင့်ကြောင်းကို တင်ပြ ဆွေးနွေးအပ်ပါတယ်။

အခန်း ၁၊ ပုဒ်မ (၂)၊ ပုဒ်မခွဲ (ဆ)မှာ ထပ်မံထည့်သွင်းသင့်တဲ့ စကားလုံးများကို ထည့်သွင်းပြီးတော့ အစ၊ အဆုံး ဖတ်ကြားတင်ပြလိုပါတယ်။ အမျိုးသားပညာရေးဆိုသည်မှာ နိုင်ငံတော်ရှိ တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာနှင့် ရိုးရာဓလေ့များ၏ အနှစ်သာရများကို တန်ဖိုးထား၍ ပြုစုပျိုးထောင် မြေတောင်မြှောက်ပေးပြီး ဘက်စုံအတွေးအခေါ် မှန်ကန်၍ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ ကောင်းမွန်သော၊ လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်ပေးသော နိုင်ငံတော်၏ ပညာရေးစနစ် ကို ဆိုလိုသည်ဟူ၍ ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ပြုစုပျိုးထောင်မြေတောင်မြှောက်ပေးပြီး ဆိုတဲ့ စာသားနဲ့ စိတ်ဓာတ် ဆိုတဲ့ စာသားကို ထပ်မံထည့်သွင်းသင့်ပါကြောင်းကို လေးစားစွာ တင်ပြဆွေးနွေးရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ ကျေးဇူးအများကြီး တင်ပါတယ်။

**အချိန်၊ ၁၄း၃၈။**

**ဥက္ကဋ္ဌ**။ ။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၃၈။**

**ဒေါက်တာအေးမောင်၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ရိုသေလေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ ခင်ဗျား။ ကျွန်တော် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင် ဖြစ်ပါတယ်။ ဒီအမျိုးသားပညာရေးဥပဒေကြမ်းနဲ့ ပတ်သက်လို့ ကျွန်တော်တို့ အပြန်အလှန် သုံးသပ်တဲ့အခါမှာ ပြည့်စုံတဲ့အနေအထားတစ်ဆင့်ကို ရောက်နေတာတော့ တွေ့ပါတယ်။ အကောင်အထည်ဖော်တဲ့အခါမှာ အင်မတန် တာဝန်ကြီးမယ်လို့ ယူဆပါတယ်။

အထူးသဖြင့် လာမယ့် တစ်နှစ်ကျော်ကျော်လောက် သက်တမ်းရှိတဲ့ အစိုးရအဖွဲ့ဟာ အကောင်အထည်ဖော်တဲ့ကဏ္ဍကို ပညာရေးဝန်ကြီးဌာနမှ ကြီးကြပ်ဆောင်ရွက်ပြီး လာမယ့်အစိုးရရဲ့ ပညာရေးဝန်ကြီးဌာန၏ စွမ်းဆောင်ရည်မြင့်မားမှုဟာ ဒီဥပဒေကြမ်းနဲ့ပတ်သက်လို့ အတည်ပြုပြီးတဲ့နောက်မှာ အသက်ဝင်လာမယ်လို့ ယူဆပါတယ်။ အဲဒါကြောင့် ဒီဥပဒေကြမ်း အတည်ဖြစ်ပြီးသွားခဲ့လို့ရှိရင် ပညာရေးဝန်ကြီးဌာနရဲ့တာဝန်ဟာ အင်မတန် အရေးကြီးပါတယ်။ အဲဒီလိုပဲ ကျွန်တော်တို့ အဆင့်ဆင့်သောဥပဒေကြမ်း၏ ပေးထားတဲ့အချက်တွေကို ကြည့်တဲ့အခါမှာ ကျန်းမာရေး၊ ပညာရေးကဏ္ဍရဲ့ အရေးကြီးပုံကို သဘောပေါက်ပြီး ပညာရေးကဏ္ဍရဲ့ အသုံးစရိတ်များကို ပြည်ထောင်စုဘတ်ဂျက်ရဲ့ အနည်းဆုံး ၁၂ ကနေ အထက်ကို နှစ်တိုင်းပံ့ပိုးပေးမှပဲ ဒီလုပ်ငန်းဆောင်ရွက်မှုများဟာ အဆင်ပြေနိုင်မယ်လို့ ယူဆပါတယ်။

အဲဒါကြောင့် ဒီဥပဒေကြမ်း ဥပဒေဖြစ်ပြီးတဲ့နောက်မှာ (၅)နှစ်အတွင်း အကောင်အထည်ဖော်ရမှာဖြစ်လို့ ကျွန်တော်တို့ ဥပဒေပြုမှုကဏ္ဍရဲ့ အရေးကြီးပုံ၊ အစိုးရအဖွဲ့၊ လာမယ့်အစိုးရအဖွဲ့၏

တာဝန်များဟာ ကျွန်တော်တို့ မြန်မာနိုင်ငံတိုင်းရင်းသားပြည်သူများနှင့်အတူ ကျွန်တော်တို့ရဲ့ Resources အတွက် အင်မတန် အရေးကြီးတယ်ဆိုတာကို ပထမ တင်ပြချင်ပါတယ်။ အဲဒီတော့ ဒီဥပဒေကြမ်းနဲ့ပတ်သက်လို့ ကျွန်တော့်တို့ကို လာပြီးကာမှ ပြည်သူ့လွှတ်တော်ဘက်က တင်ပြတဲ့ ဥပဒေကြမ်းအပေါ်မှာ ဖြစ်သင့်ဖြစ်အပ်တဲ့ဥစ္စာလေးတွေကို အကြံလာပေးတဲ့ NNER က ပုဂ္ဂိုလ်များ အားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။ သူတို့ရဲ့ ဆွေးနွေးချက်တချို့ကလည်း အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက စေ့စေ့စပ်စပ် ပြန်လည်သုံးသပ်ပြီး ဖြည့်သွင်းထားတဲ့အခါမှာ တော်တော် များများကိုလည်း ဖြည့်သွင်းထားပြီးတဲ့သဘော တွေ့ရှိရပါတယ်။ အဲဒါကြောင့်လည်း အမျိုးသား လွှတ်တော်ဥပဒေကြမ်းကော်မတီကို ကျေးဇူးတင်ပါတယ်။

ကျွန်တော့်အနေနဲ့တော့ဖြင့် တချို့ပုဒ်မလေးတွေမှာ ဖြစ်သင့်ဖြစ်အပ်တဲ့ဥစ္စာလေးတွေကို ကျွန်တော် တင်ပြချင်ပါတယ်။ အဲဒီတော့ ဦးဇုန်လှယ်ထန်း ဆွေးနွေးခဲ့သလိုပါပဲ။ ကော်မရှင်ဆိုတာထက် စာလို့ရှိရင် ကောင်စီ ကိုတော့ စကားလုံးအားဖြင့် ကြိုက်ပါတယ်။ သို့သော်လည်းပဲ ဒီကောင်စီနဲ့ ကော်မရှင်ဟာ ပြည်သူ့လွှတ်တော်ဘက်က တင်ပြတဲ့အခါမှာ ဒုတိယသမ္မတ တစ်ဦး၊ ဒီဘက်က ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ် တစ်ဦးက အပေါ်ကနေ ထိပ်စည်း ပိတ်ထားမယ်ဆိုတဲ့အခါမှာ လွတ်လပ်တဲ့ပညာရေးပတ်ဝန်းကျင် အချုပ်အချယ်များ ရှိနေလေမလား၊ မူဝါဒညွှန်ကြားချက်များ၊ အင်မတန် ကျောင်းရဲ့လွတ်လွတ်လပ်လပ် စီမံခန့်ခွဲပိုင်ခွင့်ဘောင်ကို ကျော်နိုင် မလားဆိုတာမျိုး စိုးရိမ်ပါတယ်။ ဖြစ်နိုင်လို့ရှိရင်တော့ဖြင့် ဒီပညာရေး ဥပဒေကြမ်း၏ အပေါ်က ပိတ်ထားတဲ့ ကော်မရှင် သို့မဟုတ် ကောင်စီကို ကောင်စီနဲ့ပတ်သက်တဲ့ ပုဒ်မ ၆ ကနေ ပုဒ်မ ၁၀ ထိကို ပယ်ဖျက်ပေးနိုင်ရင် အကောင်းဆုံးလို့ သုံးသပ်ပါတယ်။

နောက်ပုဒ်မတချို့မှာ ကျွန်တော် ထည့်သွင့်တယ်လို့ ယူဆတဲ့ကဏ္ဍလေးတချို့ကို တင်ပြချင် ပါတယ်။ အထူးသဖြင့် အမျိုးသားပညာရေးလို့ဆိုတဲ့ အခန်း ၁၊ ပုဒ်မ ၂(ဆ)မှာပါတဲ့ ကဏ္ဍပါ။ အမျိုးသားပညာရေး ဆိုသည်မှာ နိုင်ငံတော်ရှိ တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာနှင့် ရိုးရာဓလေ့များ၏ ဆိုတဲ့ ကဏ္ဍလေးမှာ ဦးခက်ထိန်နန် ဖြည့်တာလည်း ကျွန်တော် တွေ့ပါတယ်။ အဲဒီရိုးရာဓလေ့ ဆိုတဲ့နောက်မှာ တိုင်းရင်းသားအားလုံးရဲ့ သမိုင်းအမွေအနှစ် ဆိုတဲ့ စကားလုံးလေးတစ်ခုကို ထည့်ချင်ပါတယ်။ အဲဒါကြောင့် ရိုးရာဓလေ့နောက်မှာ နှင့် သမိုင်း အမွေအနှစ်များ၏ အနှစ်သာရများကို တန်ဖိုးထားပြီး ဆိုတာလေး ဖြည့်သွင်းချင်ပါတယ်။ အဲဒါနဲ့ တစ်ဆက်တည်းပါ။ ဒီပုဒ်မမှာ အကျုံးဝင်သလို နှင့် သမိုင်းအမွေအနှစ်ဆိုတဲ့ ပုဒ်မများ၊ အကျုံးဝင်တဲ့ ပုဒ်မများကို ကျွန်တော် ရွတ်ပြချင်ပါတယ်။

အခန်း ၁၊ ပုဒ်မ ၂ (ဆ)ပါ။ အခန်း ၂၊ ပုဒ်မ ၃ ရဲ့ (ဂ)ပါ။ နောက် အခန်း ၅၊ ပုဒ်မ ၂၀ ရဲ့ (ဂ)ပါ။ အခန်း ၇၊ ပုဒ်မ ၄၀ ရဲ့ (ဃ) မှာ ခုနက နှင့် သမိုင်းအမွေအနှစ် ဆိုတာလေးကို ဖြည့်သွင်းချင် ပါတယ်။ အဲဒီလိုပဲ အခန်း ၇၊ ပုဒ်မ ၄၃ ရဲ့ (ခ) မှာ ကျွန်တော်တို့ သမိုင်း ဆိုတာလေးကို ဖြည့်သွင်းချင်ပါတယ်။ ဘာလို့လဲဆိုရင် တိုင်းရင်းသား စာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှု၊ ဓလေ့ ထုံးစံများနှင့် အနုပညာဖွံ့ဖြိုးရေးအတွက် သင်တန်းများ ဖွင့်လှစ်သင်ကြားရင်း တက္ကသိုလ်များတွင် တိုင်းရင်းသား ယဉ်ကျေးမှု၊ စာပေနှင့် သမိုင်း၊ အထူးပြုဘာသာရပ်များ ဖွင့်လှစ်သင်ကြားရေးအတွက်

ကူညီဆောင်ရွက်ရမည် ဆိုတာမျိုး ဝန်ကြီးဌာနကို ညွှန်းထားတာ ရှိလို့ပါ။ အဲဒီဥစ္စာလေးတစ်ခုကို ဖြည့်ချင်ပါတယ်။

နောက် အခန်း ၁ ရဲ့ ပုဒ်မ ၂ (ဟ) မှာ တချို့စကားလုံးလေးတွေကို ကျွန်တော် ဖြည့်ချင်ပါတယ်။ အထူးသဖြင့် ပညာရေးဝန်ဆောင်မှု ဆိုသည်မှာ တိုးတက်ဖွံ့ဖြိုးမှု နည်းပါးသော၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော ဒေသများနှင့် သဘာဝဘေးအန္တရာယ် ကြုံတွေ့နေရသော ဒေသများဆိုတဲ့နောက်မှာပါ။ နယ်မြေအေးချမ်းမှုကြောင့်ဖြစ်သော ဘေးအန္တရာယ်များဖြစ်သည့်၊ နယ်မြေ မအေးချမ်းမှုကြောင့်ဖြစ်သော ဘေးအန္တရာယ်များဖြစ်သည့် စစ်ပြေး၊ ဒုက္ခပြေး၊ ရွှေ့ပြောင်းနဲ့ ပဋိပက္ခဒေသများဆိုတဲ့ စကားလုံးကို ဖြည့်ချင်ပါတယ်။ အဲဒီနောက်မှာအတွက် အရေးပေါ်ယာယီကျောင်းများ ဖွင့်လှစ်သင်ကြားပေးခြင်း ဆိုတာမျိုးကို ပညာရေးအထူးဝန်ဆောင်မှုကဏ္ဍမှာ ထည့်သွင်းချင်ပါတယ်။

နောက် အခန်း(၃) ပုဒ်မ ၄ မှာ ပညာရေးဆိုင်ရာ အခြေခံမူများဆိုတာ ရှိပါတယ်။ ပုဒ်မ ၄ ရဲ့ (ဇ) မှာပါ။ သင်ယူလိုသူ၏ အရည်အချင်းနှင့်ဆန္ဒကို အခြေခံပြီး အဲဒီနောက်က ဖြစ်ချင်တာပါ။ သက်ဆိုင်ရာတက္ကသိုလ်များ၏ သတ်မှတ်ထားသော အရည်အချင်း ပြည့်မီမှုအရ ရွေးချယ်နိုင်ခွင့်ရှိသော တက္ကသိုလ်ဝင်ခွင့်စနစ်ကို ကျင့်သုံးခြင်းဆိုတာမျိုးပါ။ ဆိုလိုတာက အဲဒီ အပိုဒ်မှာ အခြေခံပြီး ဆိုတဲ့နောက်မှာ သက်ဆိုင်ရာတက္ကသိုလ်များ၏ သတ်မှတ်ထားသော အရည်အချင်း ပြည့်မီမှုအရ ဆိုတာလေးကို ထည့်ချင်ပါတယ်။

အဲဒီနောက်မှာ ပုဒ်မ ၄ ရဲ့ (ဈ) မှာ တစ်ခု ဖြုတ်ချင်ပါတယ်။ အဲဒါ ဦးဇုန်လှယ်ထန်း လည်း တင်ပြခဲ့တာ ရှိပါတယ်။ ကျောင်းများတွင် ဘာသာရေးနှင့် နိုင်ငံရေးဆိုင်ရာ စွက်ဖက်လွှမ်းမိုးမှုများမှ ကင်းလွတ်ခြင်းဆိုတာမျိုးကို ပြည်သူ့လွှတ်တော်ကအတိုင်း လွှမ်းမိုးဆိုတဲ့ စာသားလေးကို ပယ်ဖျက်ချင်ပါတယ်။ နောက် အခန်း (၅) ရဲ့ ပုဒ်မ ၂၈ မှာ ကျွန်တော် နည်းနည်းလေး ဖြည့်ချင်ပါတယ်။ အဲဒီမှာ အခန်း (၅) ရဲ့ ပုဒ်မ ၂၈ က အဆင့်မြင့်ပညာရေးကဏ္ဍ ပါ။ အဆင့်မြင့်ပညာကျောင်းအသီးသီးတွင် မိမိတို့၏ သင်ကြားရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် ကျောင်းအုပ်ချုပ်ရေးကော်မတီကို ဖွဲ့စည်းရမည် ဆိုတဲ့ နောက်မှာပါ။ ဒါလည်းပဲ NNER ဘက်က အကြံပြုတဲ့အချက်လေးကို ကျွန်တော် တင်ပြခြင်း ဖြစ်ပါတယ်။ ကော်မတီတွင် ဘာသာရပ်ဆိုင်ရာပါမောက္ခများ၊ စီမံခန့်ခွဲမှုနဲ့ ဘဏ္ဍာရေးဆိုင်ရာ ပုဂ္ဂိုလ်များ၊ ဆရာ/ဆရာမများ၏ ကိုယ်စားလှယ်၊ ကျောင်းသားသမဂ္ဂ သို့မဟုတ် ကျောင်းသားအဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များ၊ လွတ်လပ်သောပညာရှင်များ၊ နိုင်ငံ့ဂုဏ်ဆောင် ပုဂ္ဂိုလ်များတို့ကို ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ရမည် ဆိုတာလေးကို ဖြည့်သွင်းချင်ပါတယ်။

အဲဒီနောက် အခန်း (၅) ရဲ့ ပုဒ်မ ၃၆ မှာ စာသားနည်းနည်း ဖြည့်သွင်းချင်ပါတယ်။ အဲဒီက ၃၆ က အခြေခံပညာရေးကျောင်း၊ သင်တန်းကျောင်း၊ နည်းပညာနှင့် အသက်မွေးပညာရေးကျောင်း၊ အဆင့်မြင့်ပညာရေးအဆင့်အတန်းရှိသောကျောင်း၊ တက္ကသိုလ်ကောလိပ်၌ နိုင်ငံခြားတက္ကသိုလ်တစ်ခုခု၏ ကျောင်းခွဲများ ဖွင့်လှစ်ခြင်းသည် ဤဥပဒေနှင့်သက်ဆိုင်သည့် တည်ဆဲဥပဒေ၊ တည်ဆဲပညာရေးဥပဒေတို့နှင့် ကိုက်ညီမှုရှိစေရမည် ဆိုတဲ့ စာသားနောက်မှာပါ ကျောင်းအင်္ဂါရပ်နှင့် အင်္ဂါရပ်များဖြစ်သည့် ကျောင်းသားများနေထိုင်ရာ အဆောင်များ၊ ဆရာ/ဆရာမ များ နေထိုင်ရာ အဆောင်များ တို့အပြင် ကျန်းမာရေးနှင့်ညီညွတ်သည့် ပတ်ဝန်းကျင်များနှင့် ပြည့်စုံပြီးဖြစ်ရမည်ဆိုတဲ့

စာသားလေးကို ဖြည့်ချင်ပါတယ်။ နောက် အခန်း (၈) မှာ ကျွန်တော် စာသားတစ်ခုကို ပြောင်းချင်ပါတယ်။ အခန်း (၈) ရဲ့ ပုဒ်မ ၅၀ (င) မှာပါ၊ ဒေသခံမဟုတ်သော အဲဒါက ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များဆိုတဲ့ သူ့ရဲ့တာဝန်ပါ။ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များဆိုတာမှာ ပြည်နယ်/ တိုင်းဒေသကြီး အစိုးရအဖွဲ့တို့ပါ ပါတယ်။ အဲတော့ အဲဒီ (င) မှာ ဒေသခံမဟုတ်သော ဆရာများနှင့် ပညာရေးစီမံခန့်ခွဲသူများအတွက် နေထိုင်သွားလာမှု လွယ်ကူစေရန် တတ်စွမ်းသမျှဆိုတာကို စီမံ ဆောင်ရွက်ရမည်ဆိုတဲ့ကြားမှာ တတ်စွမ်းသမျှ ဆိုတာမျိုးကို ပယ်ဖျက်ချင်ပါတယ်။ အဲဒီနေရာမှာ သွားလာမှု လွယ်ကူစေရန် နေအိမ်ခန်းများ စီမံဆောင်ရွက်ရမည်ဆိုတာလေး တစ်လုံးကို အဆင်ပြေ သလို ထည့်ပေးစေချင်ပါတယ်။

အဲဒီနောက်မှာ ပုဒ်မ တစ်ခုကို အစားသွင်းချင်ပါတယ်။ ပုဒ်မတစ်ခုကို ကျွန်တော်တို့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက စီပေးရင်တော့ ပိုကောင်းပါတယ်။ တည်ဆဲဥပဒေပါ ကျောင်းတစ်ကျောင်း၏ အင်္ဂါရပ်၊ အင်္ဂါရပ်များနှင့်ညီညွတ်စေရန်နှင့် အခြေခံကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များနှင့် ပြည့်စုံစေရန် လမ်းညွှန်ကြီးကြပ် စီမံဆောင်ရွက်ရမည်ဆိုတာမျိုးနှင့် ကျွန်တော်တို့ရဲ့ ကျောင်းရဲ့ အင်္ဂါရပ်၊ အင်္ဂါရပ်များနှင့် ညီညွတ်မျှတမှုရှိရန် ကျွန်တော်တို့ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့တွေကို တာဝန်ပေးပြီး ဆောင်ရွက်ပေးစေချင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့တော့ဖြင့် အမျိုးသားပညာရေးဥပဒေကြမ်းဆိုတာ အင်မတန် အရေးကြီးပြီးကာမှ ကျွန်တော်တို့ တစ်မျိုးသားလုံး နဲ့စပ်ဆိုင်တဲ့ နောင် အနာဂါတ်ကို ဦးဆောင်မယ့် လူငယ်မျိုးဆက်သစ်တစ်ခုလုံးကို ကျွန်တော်တို့ ပုံပန်းတကျဖြစ်အောင် ကျွန်တော်တို့ ပျိုးထောင်ပြုစု မြေတောင်မြှောက်ပေးရမယ့် ဥပဒေဖြစ်တာမို့လို့ အလွန်အလွန် အရေးကြီးကြောင်းနဲ့ စကားလုံးတစ်လုံး ကျန်ရစ်ခဲ့တာကိုက အစ ကျွန်တော်တို့ သေသေချာချာစိစစ်ပြီးမှ ပိုပြီးပြည့်စုံသထက် ပြည့်စုံအောင် ကျွန်တော်တို့ အပြန်ပြန်အလှန်လှန် သုံးသပ်ပြီး ကျွန်တော်တို့ အတည်ပြုပေးဖို့ လိုတယ်လို့ ယူဆပါတယ်။

အဲဒါကြောင့် အလျင်အမြန် ဆောင်ရွက်မယ့်အစား ဦးဇုန်လှယ်ထန်း စသည်ဖြင့်ပေါ့။ အသေးစိတ် သေသေချာချာ သုံးသပ်ပြီးမှ အကျိုးရှိတဲ့ စကားလုံးလေးတွေကို ထည့်၊ တကယ်တမ်း အကောင်အထည် မဖော်နိုင်ခဲ့မယ့် စီမံကိန်းနဲ့ပျက်သွားနိုင်တဲ့ ဥပဒေကြမ်းမျိုးလည်း ဖြစ်မသွားပါ ဘူးလို့ စိုးရိမ်ပါတယ်။ အဲဒါကြောင့် တကယ်တမ်း Implement လုပ်နိုင်တဲ့ လုပ်ရမယ့်ကဏ္ဍမျိုး ကိုလည်း ကျွန်တော်တို့ စဉ်းစားပေးဖို့ လိုပါတယ်။ ကဏ္ဍတစ်ခုလုံးကို ပြန်ခြုံကြည့်ရင် အမျိုးသား ပညာရေးဥပဒေကြမ်းတစ်ခုလုံးရဲ့ တာဝန်ကို ပညာရေးဝန်ကြီးဌာနတစ်ခုတည်းကို လွှဲပေးစေချင် ပါတယ်။ တကယ်လို့များပညာရေးဝန်ကြီးဌာန တစ်ခုတည်းကိုသာ လွှဲပေးခဲ့မယ်ဆိုရင် တခြား ဝန်ကြီး ဌာနတွေနဲ့ ကျွန်တော်တို့ ညှိနှိုင်းနိုင်စရာလည်း မလိုပါဘူး။ ကျွန်တော်တို့ ကျောင်းနေတုန်းကဆိုရင် ပညာရေးဝန်ကြီးဌာန တစ်ခုတည်းရဲ့အောက်မှာပဲ အထက်တန်းပညာဦးစီးဌာန အောက်မှာ တက္ကသိုလ် အားလုံးဟာ ရှိပါတယ်။ ဆေးပညာကလွဲပြီးတော့ ဆိုတဲ့အခါကျတော့ ဒါမျိုးနဲ့ တက္ကသိုလ်ပေါင်းစုံကို ဌာနပေါင်းစုံကို ဝန်ကြီးဌာနပေါင်းစုံက ကြည့်ကြပ်နေတဲ့အခါမှာ မိမိရဲ့ မူလတာဝန်ကို လစ်ဟင်းတာ ရှိပါတယ်။

အဲဒါကြောင့် ပညာရေးဝန်ကြီးဌာနဟာ ဝန်ကြီးဌာန တစ်ခုလုံးရဲ့ ပညာရည် မြင့်မားရေးနဲ့ ပတ်သက်တဲ့ အင်မတန် အရေးကြီးတဲ့ဌာနဖြစ်တာမို့လို့ တခြားဝန်ကြီးဌာနတွေက ပညာရေးကဏ္ဍမှာ ချိတ်ဆက်မှုတွေကို ဖြေလျှော့ပြီးကာမှ ပညာရေးဝန်ကြီးဌာနကို လုံးလုံး၊ ဥသုံ တာဝန်ပေးတဲ့ ပညာရေးမူဝါဒမျိုး ဖြစ်စေချင်ပါတယ်။ အဲဒါကြောင့် အမျိုးသားပညာရေးဥပဒေကြမ်းကို ပြန်လည်သုံးသပ်တဲ့အခါမှာ တခြားဝန်ကြီးဌာနတွေနဲ့ ချိတ်ဆက်ထားတဲ့ တက္ကသိုလ်တွေ အခြားအဆင့်မြင့်ကျောင်းတွေနဲ့ ပတ်သတ်တဲ့ကဏ္ဍကို ပြန်လည်သုံးသပ်ပြီးမှ ပညာရေးဝန်ကြီးဌာနတစ်ခုတည်း အောက်မှာ ထားပြီးမှ သူ့အထက်မှာ ကောင်စီတို့၊ ကော်မရှင်တို့ မထားဘဲနဲ့ လွတ်လပ်တဲ့ ပညာရပ်ဝန်း တစ်ခုကို ဖန်တီးပြီး မိမိတက္ကသိုလ်၊ တက္ကသိုလ်နဲ့ပတ်သက်တဲ့ ဝန်းကျင်တွေကို မိမိတို့ ကြီးကြပ်ပြီး ကွပ်ကဲ အုပ်ချုပ်နိုင်အောင် ကျောင်းသား၊ ဆရာ ခုနက တက္ကသိုလ်ကြီးကြပ်တဲ့ ပညာရှင်များ အားလုံး ပူးပေါင်းပြီးမှ ပညာရည်မြင့်မားအောင် ဆောင်ရွက်နိုင်တဲ့ ဥပဒေကြမ်းတစ်ခုမှာ ကျွန်တော်တို့ပါသွားတဲ့ အစီအစဥ်မျိုးရှိဖို့ဆိုရင် ကျွန်တော်တို့ရဲ့ မျှော်မှန်းတဲ့ပညာရေး မူဝါဒဟာ ကျွန်တော်တို့ သွားလိုတဲ့ လမ်းကြောင်း ဒီမိုကရေစီလမ်းကြောင်းနဲ့ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်နိုင်တဲ့ လမ်းကြောင်းကို ရောက်သွားနိုင်တယ်လို့ သုံးသပ်ပါတယ်။

အဲဒါကြောင့် ဤဥပဒေကြမ်းနဲ့ ပတ်သက်လို့ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ဘက်က သေသေချာချာ ဆွေးနွေးပေးခဲ့တာ၊ သေသေချာချာ ပြုပြင်ပေးခဲ့တာလေးကို ကျေးဇူးတင်ပါတယ်။ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော် ပြန်ညှိနှိုင်းပြီးမှ အကောင်းဆုံးဖြစ်တဲ့ ဥပဒေကြမ်းတစ်ခုကို ဆောင်ရွက်နိုင်ပါစေလို့ ဆန္ဒပြုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၄း၅၂။**

**ဥက္ကဋ္ဌ။** ။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၅၂။**

**ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ ရှိသေလေးစားအပ်သော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးကျန်းမာရွှင်လန်းကြပါစေလို့ မေတ္တာပို့ရင်း ဂါရဝပြုလိုက်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ ရေးမြို့နယ်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဗညားအောင်မိုး ဖြစ်ပါတယ်။

အမျိုးသားပညာရေးဥပဒေကြမ်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော်အခု အဓိကဆွေးနွေးမှာက ဘာလဲဆိုတော့ ဒီဥပဒေကြမ်းတစ်ခု ပေါ်ပေါက်လာဖို့အတွက် ပညာရေးဌာနအနေနဲ့ ဒီပညာရေးပိုင်းမှာ တာဝန်ထမ်းဆောင်နေတဲ့၊ စိတ်ဝင်စားနေတဲ့ ပညာရှင်တွေဟာ ဒီ(၂)နှစ်၊ (၃)နှစ်လောက်မှာကတည်းက အောက်ခြေအထိ ဆွေးနွေးပွဲတွေ၊ သုတေသနဆွေးနွေးပွဲတွေ၊ Work Shop တွေ၊ Conference တွေ အဆင့်ဆင့် အမျိုးမျိုးလုပ်ခဲ့တယ်။ နောက်လွန်ခဲ့တဲ့ နွေတုန်းကဆိုရင် MICC မှာ Conference လို လုပ်ခဲ့တယ်။ ဒုတိယသမ္မတကိုယ်တိုင် အခမ်းအနားဖွင့်ပြီးတော့မှ ဒါကိုကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့တယ်။ အဲဒီလိုဆွေးနွေးခဲ့တဲ့အချက်တွေ အားလုံးကို စုပြီးတော့ ပညာရေးဌာနဝန်ကြီးအနေနဲ့ အမျိုးသားပညာရေးဥပဒေမူကြမ်း တစ်စောင်ကို တင်ခဲ့တယ်။

နောက်ပြီးတော့ ပြည်သူ့လွှတ်တော်ကလည်းပဲ ပညာရေးမြှင့်တင်မှုကော်မတီကနေ ဥပဒေကြမ်း တစ်စောင် တင်ခဲ့တယ်။ အဲဒီ ဥပဒေကြမ်း(၂)စောင်ကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီက စုပြီးတော့ ပြည်သူ့လွှတ်တော်ကို တင်တယ်။ အဲဒီပြည်သူ့လွှတ်တော်က အတည်ပြုပြီး တော့ကာ ဒီကိုရောက်လာတဲ့အခါကျတော့ အဲဒီမူကြမ်း (၃)၊ (၄)ခုကို ပေါင်းပြီးတော့ ဒီကို ရောက်လာတဲ့အတွက်ကြောင့် ဒီဥပဒေကို ပြင်တဲ့နေရာမှာ နည်းနည်း ကျွန်တော်တို့ ဘာလည်းဆိုတော့ ဂရုစိုက်ဖို့ နည်းနည်း လိုအပ်ပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့က ပြင်စရာ နည်းနည်းပဲရှိတယ်။ အဲဒီခုနက ဥပဒေကြမ်းတွေ(၂)ခု၊ (၃)ခု တက်လာတာ တကယ့်ကိုဒုက္ခခံပြီးတော့၊ လေ့လာထားပြီးတော့ တင်လာတဲ့ ဥပဒေကြမ်းထဲက ကျန်သွားတဲ့ဟာကို ကျွန်တော် ပြန်ပြီးတော့၊ ဆွဲပြီးတော့၊ ပြန်သုံး သင့်တယ်ဆိုပြီးတော့ ထပ်ဖြည့်တာ များပါတယ်။

အဲဒီတော့ ပထမဦးဆုံးအနေနဲ့ အခန်း(၁)၊ ပုဒ်မ ၂၊ ပုဒ်မ ၂ က ပုဒ်မခွဲ(က)၊(ခ)၊ (ဂ)(အ) အထိပြီးတဲ့အခါကျတော့ ပုဒ်မခွဲ(ကက)၊ (ခခ)၊ (ဂဂ)၊ (ဃဃ)၊ (ငင) အဲဒါပြီးတော့ ကျွန်တော်က (စစ)ရယ်၊ (ဆဆ)၊ (ဇဇ)၊ (ဈဈ)၊ (ညည) ဆိုတာကို ထပ်ဖြည့်ချင်တယ် ပုဒ်မခွဲတွေ။ အဲဒီ ပုဒ်မခွဲ ဘယ်ကလာလည်းဆိုတော့ ဝန်ကြီးဌာနက ဥပဒေမူကြမ်း အခန်း(၁)၊ ပုဒ်မ ၂ က ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂ က (ပ)မှာ၊ နောက်ပြီးတော့ (ဖ)၊ နောက်ပြီးတော့ (ယ)၊ (ရ)၊ (လ) အဲဒါကို ကျွန်တော်ခုနက (စစ)၊ (ဆဆ)၊ (ဇဇ)၊ (ဈဈ)၊ (ညည) ရယ်လို့ ဖြည့်ထားတယ်။ အဲဒီတော့ ခုနက ဒီ(ပ)မှာ ပညာရေးဌာနဝန်ကြီးက ပို့လာတဲ့မူကြမ်းက (ပ)ပေါ့၊ ဒီအထဲမှာဖြည့်ဖို့က တန်းညှိအစီအစဉ် ဆိုသည်မှာ ကျောင်းပြင်ပ ပညာရေးအစီအစဉ်အရ သင်ယူရရှိသည့် ပညာအဆင့်အတန်းကို ကျောင်းပညာရေးအဆင့်အတန်းနှင့် အရည်အချင်း ညှိနှိုင်းသတ်မှတ်ပေးသော အစီအစဉ်ကို ဆိုသည်။ (ဖ) ကျောင်းသားဗဟိုပြုချဉ်းကပ်နည်းဆိုသည်မှာ သင်ယူသူများ သင်ယူမှုဖြစ်ထွန်းစေရန် ဆရာ၊ ဆရာမများက ထိရောက်သောနည်းလမ်းများကို အသုံးပြု၍ နှစ်လိုဖွယ်ရာ ဆရာ၊ ဆရာမများအား ဆက်ဆံရေးဖြင့် ပံ့ပိုးဖော်ဆောင်ပေးသော သင်ကြားသင်ယူမှု ဖြစ်စဉ်ကို ဆိုလိုသည်။ ဒါဟာ အရေးအကြီးဆုံး အချက်တစ်ချက်ဖြစ်ပါတယ်။ ပညာရေးဌာနက တင်ထားတဲ့ မူကြမ်းမှာပါတယ်။ အဲဒီတော့ အခုကျွန်တော်တို့ ဒီဥပဒေမူကြမ်းမှာ အခုလက်ရှိတင်လာတဲ့ ဥစ္စာမှာ ဒါကိုကျန်သွားတယ်။ ဘာလည်းဆိုတော့ ဒီကျောင်းသားဗဟိုပြု ချဉ်းကပ်နည်း၊ သင်ကြားနည်းဟာ ကျွန်တော်တို့နိုင်ငံမှာ အထူးလိုအပ်တယ်။ အဓိက ဒီဟာကို မသုံးလို့ ဒီကနေ့ ကျူရှင်ပညာရေးဟာ အဓိက ဖြစ်နေတယ်။ ဒါကို ကျွန်တော်တို့ မရမနေဖြစ်သင့်ပါသောကြောင့် ဒါကိုပြန်ပြီးတော့ သုံးသင့်ပါတယ်လို့ ဒါကို တင်ထားပါတယ်။

နောက်ပြီးတော့ (ယ) ရပ်ရွာပညာရေးပဒေသာဌာန၊ ဒါ အကျယ်မဖတ်တော့ပါဘူး။ ရှိပြီးသားပဲ ပြန်ပြီးတော့ ကြည့်လို့ရပါတယ်။ နောက် (ရ) လူတိုင်းအကျုံးဝင်သော ပညာရေးဆိုတဲ့ အဓိပ္ပာယ်ဖော်ပြချက်၊ နောက်ပြီးတော့(လ) ပညာရပ်ဆိုင်ရာဝန်းကျင်ကောင်းဆိုသည်မှာ အဲဒီအပိုဒ် ဖြစ်ပါတယ်။ အဲဒီလောက်ဆိုရင်တော့ ဒီကဏ္ဍက၊ ဒီအပိုဒ်က ရှင်းသွားပါတယ်။ နောက်တစ်နေရာက ဘာလည်းဆိုတော့ ဒီကျွန်တော်တို့ ဥပဒေကြမ်းကော်မတီ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ကတင်ထားတဲ့ အခန်း(၃)၊ ပုဒ်မ ၄ မှာ (ဌ)မှာဆုံးတယ်။ (ဌ)မှာဆုံးတော့ ပညာရေးဝန်ကြီးဌာနက တင်တဲ့ ဥပဒေမူကြမ်း ပုဒ်မ ၄(က)၊ (ခ)၊ (ဃ)၊ (စ)၊ (ည)၊ (ဋ)၊ (ပ)၊(ဏ)၊(တ) အဲဒါကိုပြန်ပြီးတော့ သုံးဖို့၊ ထပ်ဖြည့်ဖို့၊ နောက်ပြီးတော့ ပညာရေးကော်မတီ ပြည်သူ့လွှတ်တော်က တင်ပြထားတာ ပုဒ်မ ၅၊ ပုဒ်မခွဲ

(င)၊ (ဆ) အဲဒါကိုဖြည့်ဖို့။ အဲဒီတော့ ကျွန်တော် အကြမ်းဖျင်းနည်းနည်းတင်ပြပါ့မယ်။ ဝန်ကြီးဌာနက တင်တဲ့ ပုဒ်မ ၄(ခ)ကတော့၊ ဝန်ကြီးဌာနက ပုဒ်မ ၃(ခ) ဖြစ်နေပါတယ်။ (ခ)ကတော့ လူငယ်များ မျိုးချစ်စိတ်ဓာတ်၊ နိုင်ငံချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ဝေဖန်ပိုင်းခြားနိုင်သော အတွေးအခေါ်ရှိရေး၊ ဗလ(၅)တန်တိုးတက်ဖွံ့ဖြိုးရေးတို့အတွက် ဆောင်ရွက်ရန်၊ နောက်ပြီးတော့ (ဇ)က ဘာလည်းဆိုတော့ အားကစားကဏ္ဍကို အားပေးမြှင့်တင်ခြင်းဖြင့် ကျန်းမာကြံ့ခိုင်သော နိုင်ငံသားကောင်းများ ဖြစ်စေရန် အဲဒီအပိုဒ်ဟာ အင်မတန်အရေးကြီးပါတယ်။ ကျွန်တော်တို့ ပညာရေးစနစ်မှာ၊ ပညာသင်ကြားတဲ့အချိန်မှာ အကျင့်စာရိတ္တကောင်းမွန်ရေးအတွက်နဲ့ ကျန်းမာရေးအတွက် နောက်ပြီးတော့ ကျွန်တော်တို့ နိုင်ငံရဲ့ အားကစားတိုးတက်ဖို့အတွက် ဒီကဏ္ဍဟာ အရေးကြီးပါတယ်။

နောက်(ဇ)ကတော့ သဘာဝဝန်းကျင်၊ နောက်ပြီးတော့(ည)နိုင်ငံတကာအဆင့်မီပညာရပ်၊ (ဋ) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားတစ်ဦးအဖြစ် မြတ်နိုးဂုဏ်ယူတတ်စေရန် ဆိုတဲ့အပိုဒ်ကို ဒီမှာလာပြီးတော့ ဖြည့်စေချင်တယ်။ နောက်တစ်ခုကတော့ ဘာလည်းဆိုတော့ အခန်း(၄) ကျွန်တော်တို့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက တင်ပြထားတာ။ အခန်း(၄)၊ ပုဒ်မ ၅ အစိုးရအဖွဲ့သည် ဆိုတဲ့ ပုဒ်မဖြစ်ပါတယ်။ ဒီပုဒ်မမှာ ကျွန်တော် ဒါရိုက် ကျွန်တော်နည်းနည်းပြင်စရာ တင်ပြချင်ပါတယ်။ အစိုးရအဖွဲ့သည် (က) ဤပြဋ္ဌာန်းချက်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်တစ်ဦးဦးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ပညာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ ပညာရေးနှင့် သက်ဆိုင်သည့် ရေးရာကော်မတီများမှ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပညာရှင်များ အဲဒီနေရာမှာ ကျွန်တော်ထပ်ဖြည့်ချင်တာက ဘာလည်းဆိုတော့ တိုင်းရင်းသားလူမျိုးများ၏ စာပေပညာရှင်များ၊ ပညာရေးပညာရှင်များ အဲဒါကိုဖြည့်ချင်တယ်။ နှင့် တစ်ဆက်တည်းပဲ၊ နှင့် နဂိုအတိုင်းပဲ အခြားသင့်လျော်သော ပုဂ္ဂိုလ်များအဖွဲ့ဝင်များအဖြစ် ပါဝင်သည့် အမျိုးသားပညာရေးကော်မရှင်ကို ဖွဲ့စည်းရမည်။ အဲဒါကို ပြင်တယ်၊ ဖြည့်တယ်။

နောက်ပြီးတော့ ကျွန်တော်တို့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ဘာလည်းဆိုတော့ အခန်း(၄)၊ ပုဒ်မ ၁၈ ပြီးတော့ ပုဒ်မ ၁၉ကို ပယ်ဖျက်တယ်။ အခုကျွန်တော် ထပ်ဖြည့်မယ့်ဟာက ပုဒ်မ ၁၉ နေရာမှာ ဖြစ်လိမ့်မယ်။ ဒီ ၁၉နဲ့ ၂၀ကြားမှာ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနကနေပြီးတော့ ဒီအခန်း (၅)က ပုဒ်မ ၁၁၊ ၁၈၊ ၂၅၊ ၂၆၊ ၂၇၊ ၂၈ အဲဒီပုဒ်မ(၆)ခုနဲ့ နောက်ပြီးတော့ ကျွန်တော်တစ်ပိုဒ်ထပ်ဖြည့်တဲ့ ပုဒ်မခွဲပဲဖြစ်ဖြစ်၊ ပုဒ်မပဲဖြစ်ဖြစ်ထည့်ဖို့ အဲဒါကို ကျွန်တော်ဖတ်ပြပါ့မယ်။ အခန်း(၅)၊ ပုဒ်မ ၁၁ ကတော့ သက်ဆိုင်ရာဒေသရှိ တိုင်းရင်းသားများ၏ ယဥ်ကျေးမှု၊ ဘာသာစကားတို့နှင့် ဆီလျော်ပြီးအရည်အသွေး ပြည့်ဝသော မူကြိုပညာရေးကို အကောင်အထည်ဖော်ရန် ရှေးဦးအရွယ်ကလေးသူငယ်ပြုစု ပျိုးထောင်ရေးနဲ့ ဖွံ့ဖြိုးရေးဆိုင်ရာ ပညာရေးကို ပညာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများတို့ အချင်းချင်း ညှိနှိုင်းအကောင်အထည်ဖော်ရမည်။ အဲဒါက ၁၁။ ၁၈ ကတော့ အခြေခံပညာကဏ္ဍတွင် ကျောင်းသားဗဟိုပြုချဥ်းကပ်နည်းနဲ့ သင်ကြားယူမှုဖြစ်စဥ်ကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်မည်။ ခုနနဲ့ အခုမှ သတိထားမိတယ်၊ ထပ်နေတယ်။ နောက် ပုဒ်မ ၂၅၊ အဲဒီ ပုဒ်မ ၂၅ ပညာရေးဌာနမူကြမ်းကို ရုံးသုံးဘာသာစကားဖြစ်သော မြန်မာဘာသာစကားသည် အခြေခံပညာအဆင့်တွင် သင်ကြားသင်ယူမှု

ဘာသာစကား ဖြစ်ရမည်။ လိုအပ်ပါက ကလေးများ၏ မိခင်ဘာသာစကားနဲ့ ရှင်းလင်းသင်ကြား နာယူခွင့်ပြုသည်။

နောက်ပြီးတော့ ပုဒ်မ ၂၆ ကတော့၊ ပုဒ်မ ၂၆ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် မူလတန်းအဆင့်၌ တိုင်းရင်းသားဘာသာစကား သင်ကြားသင်ယူမှုကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ရဲ့ အစီအစဉ်ဖြင့် ဆောင်ရွက်နိုင်သည် ဆိုတဲ့နေရာမှာ ခုနတုန်းက ကိုယ်စားလှယ်တော် တစ်ဦးက တင်သွားပါတယ်။ အဲ မူလတန်းဆိုတာ ဖျက်လိုက်တယ်။ ကျွန်တော့် အမြင်ကတော့ အခြေခံပညာရေးအရင်တုန်းက ဆွေးနွေးဖူးတယ်။ အခြေခံပညာရေးအဆင့်၌ တိုင်းရင်းသားဘာသာစကား သင်ကြားသင်ယူမှုကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ အဲဒီနေရာမှာ ကျွန်တော်ထပ်ဖြည့်ချင်တာက ဘာလဲဆို ပြည်နယ်အစိုးရအဖွဲ့ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရစီရင်စုဦးစီးအဖွဲ့၏ အစီအစဉ်ဖြင့် ဆောင်ရွက်နိုင်သည်ဆိုတာ ဖြည့်ချင်တယ်။ နောက်ပြီးတော့ ပုဒ်မ ၂၇ ကဘာလဲဆိုတော့ အင်္ဂလိပ်စာကို မူလတန်းမှစ၍ သင်ကြားရမည်ဆိုတာ ပါရှိတယ်။ ကျွန်တော်နည်းနည်းထပ်ဖြည့်ချင်တာက ဘာလဲဆိုတော့ အနာဂါတ်မှာ ရုံးသုံးဘာသာအဖြစ် အသုံးပြုနိုင်ရန်အတွက် အင်္ဂလိပ်စာကို မူလတန်းမှစ၍ သင်ကြားရမည်ဆိုပြီးတော့ ဖြည့်ချင်ပါတယ်။ ဘာလဲဆိုတော့ ကျွန်တော်တို့က ရုံးသုံးလို့ဖြစ်မှ ကျွန်တော်တို့က ပိုပြီးတော့လေ့လာမယ်။ ပိုပြီးတော့ တတ်မယ်။ ကျွန်တော်တို့ အင်္ဂလိပ်စာပိုတတ်မှ ပိုပြီးတော့ လိုက်မီမယ်။ ကမ္ဘာကို လိုက်မီမယ်။ ဘယ်အရာမဆို၊ ဘယ်ပညာရပ်မှာမဆို ပိုပြီးတော့ လိုက်မီမယ်။ ဒါကို မြင်လို့ ကျွန်တော် အဲဒီအပိုဒ်ကို ဖြည့်ချင်ပါတယ်။

၂၈ က၊ ပညာရေးဝန်ကြီးရဲ့ ၂၈ က ဒီမှာ ဘာဖော်ပြထားလဲဆိုတော့ ပြည်ထောင်စု တိုင်းရင်းသားများ၏ စာပေနှင့် ယဉ်ကျေးမှုများ၊ အနုပညာများ၊ ရိုးရာဓလေ့များကို အခြေခံပြီး ပညာသင်ရိုး ညွှန်းတမ်းများတွင် သင့်လျော်သလို ထည့်သွင်းရမည်ဆိုတဲ့အပိုဒ် ဒါ အရေးကြီးပါတယ်။ အဲဒါကြောင့် ကျွန်တော်ပြန်ပြီးတော့ ထည့်စေချင်ပါတယ်။ နောက်ပြီးတော့ ကျွန်တော် ထပ်ဖြည့်မယ့် အပိုဒ်က ဘာလဲဆိုတော့ ဒါဟာ ကျွန်တော်တို့ ဆွေးနွေးပွဲမှာ မကြာမကြာပြောဖူးတယ်။ ထပ်ဖြည့်မယ့် ပုဒ်မတစ်ခုကတော့ အခြေခံပညာတွင် နည်းပညာနဲ့အသက်မွေးပညာကို အတတ်နိုင်ဆုံး သင်ကြား ပေးရမည် ဆိုတဲ့တစ်ပိုဒ်ကို ကျွန်တော် ဖြည့်ချင်ပါတယ်။ နောက်ပြီးတော့ ဥပဒေကြမ်း ကော်မတီ အခန်း(၅)၊ ပုဒ်မ ၂၄ နဲ့ ၂၅ ကြားမှာ ထပ်ဖြည့်ဖို့ ပုဒ်မတွေ အဲဒီ ပုဒ်မကတော့ ကျွန်တော် ဝန်ကြီးဌာန ဥပဒေမူကြမ်းက အခန်း(၇)၊ ပုဒ်မ ၄၀၊ ၄၁၊ ၄၂၊ ၄၄၊ ၄၅၊ ၄၇ တို့ ဖြစ်ပါတယ်။

ပုဒ်မ ၄၀ ကတော့ နိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် ပညာရပ်နယ်ပယ် ပေါင်းစုံမှ နည်းပညာနှင့်အသက်မွေးဝမ်းကျောင်းကျွမ်းကျင်သူများကို နိုင်ငံတော်၏ လူသားအရင်းအမြစ် လိုအပ်ချက်နှင့်ကိုက်ညီစွာ မွေးထုတ်ရမည်။ ၄၁ ကတော့ အသက်မွေးပညာရှင်များ၏ အသက်မွေး ပညာအပေါ် တန်ဖိုးထားလေးစားမှု၊ ပညာရပ်ဆိုင်ရာ ကိုယ်ကျင့်သိက္ခာစောင့်ထိန်းမှု၊ ကိုယ်ပိုင်ဆုံးဖြတ် လုပ်ဆောင်နိုင်မှုနဲ့ တာဝန်ယူမှုတို့ကို တစ်ဆက်တစ်စပ်တည်း လေ့ကျင့်ပျိုးထောင်ပေး ရမည်။ ၄၂၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ နောက်ပြီးတော့ ၄၄၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အသီးသီးနှင့် လုပ်ငန်းဌာနများ၏ လိုအပ်ချက်အရ နည်းပညာနှင့် အသက်မွေးပညာသင် အစိုးရကျောင်း

များနှင့် ပုဂ္ဂလိကကျောင်းများတွင် ကာလတိုသင်တန်းများ ဖွင့်လှစ်၍ နည်းပညာနှင့် အသက်မွေးပညာ ကျွမ်းကျင်သူများကို မွေးထုတ်ရမည်။

၄၅၊ ဆီလျော်ပြီး ခေတ်မီသော သင်ရိုး၊ မျှတသော ဝင်ခွင့်စနစ်နဲ့ ထိရောက်သော စစ်ဆေးအကဲဖြတ်ရေးမှုများကို ချမှတ်ရေးဆွဲပြီးလုပ်ငန်းခွင် အသစ်ဖြစ်စေသော သင်တန်းများကို ဖွင့်လှစ်ရမည်။ နောက်ပြီးတော့ ၄၇ က နည်းပညာ၊ အသက်မွေးပညာဆိုင်ရာ ပညာရေးကိစ္စရပ်များတွင် သက်ဆိုင်ရာဥပဒေများနှင့်အညီ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ခွင့်ရှိသည်။ လိုအပ်ပါက ပုဂ္ဂလိက အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည်။ ကျွန်တော်အဲဒါကို ဒီ ပညာရေးဝန်ကြီးဌာနက တင်ထားတဲ့ မူကြမ်းကနေပြီးတော့ ဒီမှာထပ်ဖြည့်ဖို့ ကျွန်တော် တင်ပြပါတယ်။ နောက်ပြီးတော့ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ ရဲ့ ပုဒ်မ ၃၀ နဲ့ ၃၂ ကြားမှာ ပညာရေးဝန်ကြီးဌာနမှ အခန်း (၆)၊ ပုဒ်မ ၃၃၊ ၃၄၊ ၃၆၊ ၃၇ ကိုယူလာပြီးတော့ ဖြည့်ချင်ပါတယ်။ ၃၆ ကတော့ ပုဂ္ဂလိကတက္ကသိုလ်နဲ့ ကောလိပ်များကို ဥပဒေနဲ့အညီ ထူထောင်ခွင့်ပြုရမည်။ ၃၇ က တက္ကသိုလ်များသည် အဲဒါ (က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င) ဆိုတာ ပါရှိတယ်။ နောက်ပြီးတော့ ကျွန်တော်ပြောတာ နည်းနည်းလွဲသွားသလိုပဲ။ ၃၃၊ ၃၄၊ ၃၆၊ ၃၇ အဲဒီတော့ ၃၆၊ ၃၇ ဆိုတာ ကျွန်တော်ပြောပြီးပြီ။ ၃၃ က ကျွန်တော်မပြောရသေးဘူး။ နိုင်ငံတော်တည်ဆောက်ရေးမှာ လိုအပ်တဲ့ ခေတ်မီအဆင့်။ ၃၄၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အသီးသီး တိုးတက်ဖွံ့ဖြိုးရေးလိုအပ်သည့် ဟုတ်ပြီ အဲဒါ အဲသလို ရှိပါတယ်။ ၃၃၊ ၃၄၊ ၃၆ ဖြစ်ပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်အမြန်ဆုံးနဲ့အတိုဆုံး သိပ်မြန်ရင် ကျွန်တော်မှားတတ်လို့ပါ။ ဒါ ခွင့်ပြုဖို့ ကြိုတင်တောင်းပန်ပါတယ်။ ကျွန်တော်တို့ ဒီမှာ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီပြင်ဆင်ချက် မှာ ပုဒ်မ ၄၃ (က)၊ (ခ) အဲဒီ (ခ)မှာ ဒီ ပြည်သူ့လွှတ်တော်က တင်ပြထားတာရှိတယ်။ ဘာလဲဆိုတော့ ပြည်သူ့လွှတ်တော်က လာတဲ့မူကြမ်းမှာ တိုင်းရင်းသားစာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများနဲ့ အနုပညာဖွံ့ဖြိုးရေးအတွက် သင်တန်းများ ဖွင့်လှစ်သင်ကြားရေး၊ တက္ကသိုလ်များတွင် တိုင်းရင်းသားစာပေ၊ ယဉ်ကျေးမှု အထူးပြုဘာသာရပ်များ ဖွင့်လှစ်သင်ကြားရေးအတွက် ဆောင်ရွက်ရမည်ဆိုပြီးတော့ ပါတယ်။ နောက်ဒီမှာ အမျိုးသားလွှတ်တော်က ပြင်လိုက်တာက ဘာလဲဆိုတော့ ဆောင်ရွက်မည်ဆိုတဲ့စကား၊ စာလုံးရဲ့ရှေ့မှာ ကူညီဆောင်ရွက်မည် ဆိုတာပါလာတယ်။ အဲဒီတော့ကျွန်တော့်အမြင်က ကူညီဆိုတာကို ဖြုတ်လိုက်ပါ။ ဆောင်ရွက်ရမည်ဆိုတာ တိတိကျကျ လုပ်ဖို့၊ တိတိကျကျ အဓိပ္ပာယ်ဖော်နိုင်ဖို့အတွက် ကူညီကိုဖြုတ်ဖို့ ကျွန်တော် အကြံပြုလိုပါတယ်။ နောက်ပြီးတော့ အခု အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ အခန်း(၇)၊ ပုဒ်မ ၄၅ မှာ ကျွန်တော်နည်းနည်းအဲဒီမှာ ထပ်ဖြည့်ဖို့ လိုအပ်ပါတယ်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွင် မူလတန်းအဆင့်၌ တိုင်းရင်းသားဘာသာစကား သင်ကြားမှုကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအစီအစဉ်ဖြင့် ဆောင်ရွက်ရမည် ဆိုတာကို ကျွန်တော်တို့က ဘာလဲဆိုတော့ ဒီမှာဘာသာစကားပဲပါတယ်။ အဲဒါကို ကျွန်တော်တို့က ဘာသာစကား၊ စာပေရယ်လို့ တစ်လုံးထပ်ဖြည့်ဖို့အတွက် လိုအပ်တယ်။ မူလတန်းအဆင့် ဆိုရာမှာ လည်းပဲ ခုနတုန်းက ကျွန်တော် တင်ပြခဲ့သလို အခြေခံပညာအဆင့်ဆိုတာကို ပြင်ဖို့တင်ပြလိုပါတယ်။

နောက်ပြီးတော့ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ ပုဒ်မ ၅၀ မှာ၊ ဒီ ၅၁ နဲ့ ၅၀ ကြားမှာ ကျွန်တော်ထပ်ဖြည့်မှာက ပညာရေးဝန်ကြီးရဲ့ ဥပဒေမူကြမ်းအခန်း(၉)၊ ပုဒ်မ ၅၉ အပိုဒ် (က)၊ (ခ)၊ (ဂ)၊ (ဃ) အဲဒါဘာလဲဆိုတော့ ဆရာများ၏ပညာရေးဆိုင်ရာတာဝန်နှင့်အခွင့်အရေးများမှာ အောက်ပါ အတိုင်းဖြစ်သည် ဆိုပြီး (က)၊ (ခ)၊ (ဂ)၊ (ဃ) အဲဒါကို ဖြည့်ဖို့အတွက် ဖြစ်ပါတယ်။ နောက်ပြီးတော့ ပုဒ်မ ၆၂၊ အခန်း(၁၀) ပုဒ်မ ၆၂ နဲ့ ၆၃ ကြားမှာ ပညာရေးဝန်ကြီးဌာနရဲ့ ဥပဒေမူကြမ်း အခန်း(၁၀)၊ ပုဒ်မ ၆၆ ကို ထပ်ပြီးတော့ ဒီမှာလာဖြည့်ချင်ပါတယ်။ ပုဒ်မ ၆၆ က ဘာပြောထားလဲဆိုတော့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရရဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဦးစီးအဖွဲ့များသည် မိမိဒေသအတွင်း ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပံ့ပိုးကူညီရမည် ဖြစ်ပြီး လိုအပ်ပါက ပြည်ထောင်စု အစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရမည် ဆိုတဲ့ အပိုဒ်ကို ယူလာပြီးတော့ ဒီပုဒ်မကို ကျွန်တော်တို့ ဥပဒေကြမ်း ကော်မတီရေးဆွဲထားတဲ့ ဥပဒေကြမ်းမှာ ထပ်ဖြည့်ဖို့ ကျွန်တော် တင်ပြပါတယ်။ အခု ကျွန်တော် တင်ပြသလောက် ဒီလို ပြီးဆုံးအောင် တင်ပြနိုင်တဲ့အတွက် အထူးပဲ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၅:၁၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၁၄) ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၁၅) ရက်မြောက်နေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက် နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၅:၁၅။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသား လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၉ ရက် (ကြာသပတေးနေ့) နံနက် ၁၀:၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးပြန်လည် ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ၁၅:၁၅ နာရီ အချိန်တွင် ရပ်နားပါသည်။]